မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြဆု တပ်ခွဲအလိုက်ဆုနှင့် အကောင်းဆုံးစစ်ကြောင်းဆုများ ချီးမြှင့်

နေပြည်တော် မတ် ၂၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ တက်ရောက်၍ ဆုချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်ရေးပြ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်စည်းကမ်း ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေး တပ်မတော်နှင့် ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်နေ

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ စားဝတ်နေမှု ဖူလုံရေးနဲ့ ပြည်သူလူထုတစ်ရပ်လုံး ပညာရည်ပြည့်ဝရေးဟာ မရှိမဖြစ်လိုအပ်တဲ့ အချက်တွေပဲဖြစ်တယ်။

ဒါကြောင့် တပ်မတော်ဟာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူတွေ စားဝတ်နေမှု ဖူလုံပြီး တစ်ဦးချင်း တစ်နှစ်ဝင်ငွေ မြင့်မားစေဖို့ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍတို့အတွက် အခြေခံအဆောက်အအုံတွေကို နေ့ချင်းညချင်း တည်ဆောက်ပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ သားစဉ်မြေးဆက်တွေအထိ ခံစားနိုင်ကြအောင် မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။

ပါတီစုံဒီမိုကရေစီစနစ်မှာ တရားဥပဒေစိုးမိုးမှုအကြမ်းဖက်မှု အန္တရာယ်က ကင်းဝေးမှာဖြစ်ပြီး တိုင်းရင်းသားတွေ စားဝတ်နေမှု ဖူလုံကြွယ်ဝမှုလဲ ငွေကြေးနဲ့ဖြားယောင်းခြင်းကို ပယ်လှန်နိုင်မှာဖြစ်သလို ပညာရည်မြင့်မားမှုလဲ အလိမ်အညာ မခံကြရမှာဖြစ်တယ်။ ဒါကြောင့် ယနေ့တပ်မတော်နဲ့ ပြည်သူတို့ဆောင်ရွက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက်ဖြစ်ပြီး ဒီလုပ်ငန်းတွေဟာ အချိန်ထုနဲ့ဖော်ဆောင်ရတဲ့ လုပ်ငန်းတွေဖြစ်ကြောင်း ပြောကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၁)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၉ ရက်)

ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေး အင်တိုက်အားတိုက်ကြိုးပမ်း နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် အောင်မြင်စွာဖော်ဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ မတ်လ ၂၇ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ခေါင်းဆောင်သော အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ဆင်ဖြူရှင်၊ ဗန္ဓုလနှင့် မြဝတီစစ်ကြောင်းကြီးတို့ဖြင့် စစ်ရေးပြကွင်းကြီးဆီသို့ ဓာတ်သွေး၊ ဓာတ်မာန် အပြည့်ဖြင့် စစ်ချီတေးများ သီဆိုချီတက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းကြီးသို့ နံနက်၇နာရီ ၁၀မိနစ်တွင် ရောက်ရှိလာရာ စစ်ကြောင်းများက အလေးပြုကြပြီး စစ်ရေးပြမှူးကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးသည်။

ထို့နောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားရာတွင်–

"ပါတီစုံဒီမိုကရေစီစနစ်မှာ တရားဥပဒေစိုးမိုးမှု အကြမ်းဖက်မှုအန္တရာယ်က ကင်းဝေးမှာဖြစ်ပြီး တိုင်းရင်းသားတွေ စားဝတ်နေမှု ဖူလုံကြွယ်ဝမှုလဲ ငွေကြေးနဲ့ဖြားယောင်းခြင်းကို ပယ်လှန်နိုင်မှာဖြစ်သလို ပညာရည်မြင့်မားမှုလဲ အလိမ်အညာမခံကြရမှာဖြစ်တယ်။ ဒါကြောင့် ယနေ့ တပ်မတော်နဲ့ ပြည်သူတို့ ဆောင်ရွက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက်ဖြစ်ပြီး ဒီလုပ်ငန်းတွေဟာ အချိန်ထုနဲ့ဖော်ဆောင်ရတဲ့ လုပ်ငန်းတွေဖြစ်ကြောင်း"

မိန့်ကြားသွားသည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် ပြည်သူတစ်ရပ်လုံးနှင့် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်းလက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မည်ဆိုပါက အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ စားဝတ်နေမှုဖူလုံရေးနှင့် ပြည်သူတစ်ရပ်လုံး ပညာရည်ပြည့်ဝရေးသည် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို နေရာတိုင်း၊ဒေသတိုင်း၌ နိုင်ငံလုံးပြည့်မျှ တည်ဆောက်ပေးပြီးဖြစ်၍ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်၌ လျှောက်လှမ်းနေပြီဖြစ်သည်။ စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်နှင့် မည်သည့်စီးပွားရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ အခြေခံလိုအပ်ချက်သည် နိုင်ငံတော်အေးချမ်းသာယာဝပြောရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ အစဉ်ထာဝရ လက်တွဲချေမှုန်းသွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၅ ၇။ ခါသကြိန်အဆိုအကများ
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ ခါသကြိန်အဆိုအကများ
- ၄း၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၀၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၃၀ ၁၁။ ခါသကြိန်အဆိုအကများ
- ၅း၄၅ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၅။ မိုးလေဝသသတင်း
- ၆း၂၅ ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၂၅)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ ဗီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း–၂၀)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွန်ပြည်နယ်အတွင်း ကျန်းမာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၈

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး လူတွင် ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မတ် ၂၀ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

တိုက်တွန်းမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည်ဇင်းကျိုက်ကျေးလက်ကျန်းမာရေးဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေး၍ ကျေးလက်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ကာကွယ်တားဆီးရေး ဆိုင်ရာလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူလူထုကလည်း ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အမျိုးသား လူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ကူးစက်ရောဂါ ဝေဒနာရှင်များအား ထားရှိနိုင်မည့် သီးသန့်ဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် သွားကျန်းမာရေးဌာနတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မုဒ္ဒုမတိုက်နယ်ဆေးရုံသို့ရောက်ရှိ၍ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

မှာကြားဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးသည် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် သွားကျန်းမာရေးဌာနနှင့် ကူးစက်ရောဂါဝေဒနာရှင်များအား ထားရှိနိုင်မည့် သီးသန့်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ဆေးရုံအစည်းအဝေးခန်းမ၌ လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်မှာကြားဆွေးနွေးသည်။

ကာကွယ်နှိမ်နင်းရေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သံဖြူဇရပ်မြို့နယ်ပြည်သူ့ဆေးရုံ၏ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သားဖွားဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် သွားကျန်းမာရေးဌာနနှင့် ကူးစက်ရောဂါဝေဒနာရှင်များအား ထားရှိနိုင်မည့် သီးသန့်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျိုက္ခမီတိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ ခွဲစိတ်ခန်းပြင်ဆင်ထားရှိမှု၊ လူနာဆောင်များ၊ ကူးစက်ရောဂါဝေဒနာရှင်များအား ထားရှိနိုင်မည့် သီးသန့်ဆောင်နှင့် ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မတ် ၂၁ရက်တွင် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖြည့်စွက်ရှင်းလင်း

ထို့နောက် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)ဒေါက်တာ ကျော်ညွှန့်စိန်က စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အချို့၌ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ အခြေအနေများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသူများက သိရှိလိုအပ်သည်များကို မေးမြန်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ လူတွင်ဖြစ်တတ်သော ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော့ပျောင်းမှုလား လှည့်စားမှုလား

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် ပြည်ထောင်စုနေ့မှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အထူးကြေညာချက် ၁/၀၂/၂၀၀၆ ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ပြည်တွင်းပြည်ပအစိုးရ ဆန့်ကျင်ရေးဝါဒီအားလုံးနဲ့ အနောက်အုပ်စု မီဒီယာလောက ကတော့ ဒီကြေညာချက်ဟာ မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် NLD မှ တပ်မတော်အစိုးရသို့ အပျော့ပျောင်းဆုံးသော ကမ်းလှမ်းချက်ဖြစ်ကြောင်း ဘေးတီးပြီး နိုင်ငံတကာရဲ့ ထောက်ခံမှုရအောင် လှုံ့ဆော်နေကြပါတယ်။

စာရေးသူဟာ ဒီကြေညာချက်နဲ့ပတ်သက်ပြီး အနောက်အုပ်စု အသံလွှင့်ဌာနတွေက ဝါဒဖြန့်ထုတ်လွှင့်မှုတွေကို အလေးအနက် လေ့လာနားထောင်ခဲ့သော်လည်း ကြေညာချက်ရဲ့ သဘောထားအပြည့်အစုံကို မသိရတဲ့အတွက် ရှေ့နှုတ်ပိတ်လုပ်နေခဲ့ပါတယ်။

၃-၃-၂၀၀၆ ရက်ကျမှ NLD အဖွဲ့ချုပ်ရဲ့ ကြေညာချက်ကို ရရှိလေ့လာရခဲ့ပါတယ်။

ကြေညာချက်ရဲ့ သဘောထားအကျဉ်းချုပ်ကတော့ တည်ဆဲတပ်မတော်အစိုးရက လွှတ်တော်ခေါ်ပေးရန်၊ လွှတ်တော်ခေါ်ပေးရင် လွှတ်တော်က တည်ဆဲတပ်မတော်အစိုးရကို ဥပဒေအရမဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော ကောင်စီ (De Facto)အဖြစ်မှ ဥပဒေအရ အုပ်ချုပ်သော ကောင်စီ(De Jure)အစိုးရအဖြစ် အသိအမှတ်ပြုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစိုးရ (ကြားဖြတ်အစိုးရ)အဖြစ် အသိအမှတ်ပြုပေးမယ်၊ အသွင်ကူးပြောင်းရေးအချိန်ကာလကို နှစ်ဦးနှစ်ဖက် အပြန်အလှန်ညှိနှိုင်းသတ်မှတ်မယ်၊ တစ်ချိန်တည်းမှာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး ဆွေးနွေးရာမှာ ကြားဝင်စေ့စပ် ဖြန်ဖြေပေးသူလိုအပ်လာပါက အာဆီယံအသင်းမှ လက်ခံယုံကြည်သော ခေါင်းဆောင်ကိုထားရှိရန်နဲ့ ၎င်းတို့ရဲ့ တောင်းဆိုဖော်ပြချက်အပေါ် တပ်မတော်အစိုးရက ၂၀၀၆ ခုနှစ် ဧပြီ ၁၇ ရက်တွင် လက်ခံအကောင်အထည်ဖော်ပေးရန်တို့ ဖြစ်ပါတယ်။

ဒီတော့ NLD ရဲ့ ထုတ်ပြန်ကြေညာချက်ဟာ အသစ်အဆန်း မဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည် ပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ရေးကို အသွင်တစ်မျိုးနဲ့ တောင်းဆိုလာခြင်းသာဖြစ်ပါတယ်။ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေး အခြေခံကလည်း ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အသိအမှတ်ပြုရေး တစ်နည်းအားဖြင့် NLD က သူ့ဘာသာသူ ရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အာဏာလွှဲပေးရေးပဲ ဖြစ်ပါတယ်။

ဘာကြောင့် ဒီလိုပြောနိုင်သလဲဆိုလျှင် NLD အဖွဲ့ချုပ်အနေနဲ့ တပ်မတော် အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် ရှုမြင်သတ်မှတ်ထားပြီး အာဏာရှင်စနစ် ကျဆုံးရေးဟာ ဒီမိုကရေစီရေးအဖြစ် ခံယူထားတယ်။ ဒီအခြေခံအရ အမျိုးသားညီလာခံ ဦးတည်ချက်တစ်ရပ်အဖြစ်ပါဝင်နေတဲ့ အနာဂတ် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော် ပါဝင်ထမ်းဆောင်ရေးဆိုတဲ့ အချက်ကြောင့် အမျိုးသားညီလာခံကို အတုအယောင်အဖြစ် ရှုမြင်ဆန့်ကျင်ခဲ့တာဖြစ်တယ်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို NLD က ဆန့်ကျင်နေပြီး ၁၉၉၀ ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုရေးအတွက် တစ်ဖက်က ပြည်ပရောက် အစိုးရဆန့်ကျင်ရေးဝါဒီတွေက ကမ္ဘာကုန်ကျယ်သရွေ့ နည်းမျိုးစုံဖြင့် စည်းရုံးလှုပ်ရှားနေတာ၊ ကုလသမဂ္ဂအထိ သယ်ပြီး လုံခြုံရေးကောင်စီဖိအားနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး လုပ်ဆောင်လုံးပန်းနေတာတွေဟာ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေး ရည်ရွယ်ချက်ကို ဖော်ပြနေပြီးဖြစ်တယ်။

အမှန်ကတော့ တပ်မတော်အစိုးရနဲ့ NLD အဖွဲ့ချုပ်တို့ ရင်ကြားစေ့မရနိုင်စေတဲ့အချက်တွေကို NLD အနေနဲ့ အလေးအနက် ပြန်လည်သုံးသပ်ပြင်ဆင်မှုမရှိသရွေ့ ဘယ်လိုဖိအားပေးမှုမျိုးနဲ့မှ ရင်ကြားစေ့ရေးဟာ မရနိုင်သလို တွေ့ဆုံဆွေးနွေးမှုဟာလဲ ဘာအကျိုးသက်ရောက်မှုမျှ မရနိုင်ပါ။

(၁) အမှန်တရားဆိုတာ ဖြစ်ရပ်မှန်တွေကို အမှန်အတိုင်းရှုမြင်ပြီး အသိအမှတ်ပြုနိုင်မှုပေါ်မှာတည်တယ်လို့ အဆိုရှိပါတယ်။ ၁၉၈၈ ဆူပူအုံကြွမှုမှာ တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်အသွင်သို့ဆိုက်ရောက်နေပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးပျက်ပြားကာ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးမရှိနိုင်တော့တဲ့ အနေအထားအရ တပ်မတော်က နိုင်ငံတော်အာဏာကိုရယူပြီး ပုံမှန်အနေအထား ရောက်အောင် လုပ်ခဲ့တယ်။ ပြည်သူတွေမလိုလားတဲ့ ဆိုရှယ်လစ်လမ်းစဉ်ကိုဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့တယ်။ ဒါဟာ တိုင်းကျိုးပြည်ပြုလုပ်ဆောင်ချက်၊ ဒီမိုကရေစီရေးလုပ်ဆောင်ချက် ဖြစ်တယ်။ ဒါကို ပြောင်းပြန်လှန်ပြီး ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေက ဒီမိုကရေစီရေးချိုးနှိမ်ပြီး စစ်တပ်က အာဏာသိမ်းတာဖြစ်တယ်လို့ အကောင်းကို အဆိုး၊ အမှန်ကို အမှားအဖြစ် ရှုမြင်ခံယူခဲ့၊ ခံယူနေဆဲဖြစ်တယ်။

(၂) အာဏာရှင်အစိုးရလား၊ ဒီမိုကရေစီအစိုးရလား အကဲဖြတ်ရာမှာ အသွင်သဏ္ဌာန်ဖြစ်တဲ့ လူကိုမကြည့်ဘဲ အနှစ်သာရဖြစ်တဲ့၊ ကာယကံမြောက်လုပ်ဆောင်နေတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးလမ်းစဉ်တွေဖြစ်တဲ့ (မူ)ကိုကြည့်ပြီး အကဲဖြတ်ရမယ့်အစား၊ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက် စီးပွားရေးစနစ်ကို ကာယကံမြောက် ချမှတ်အကောင်အထည်ဖော်နေပါလျက်၊ နိုင်ငံရေးဒီမိုကရေစီအတွက် နိုင်ငံရေးပါတီတွေ ဖွဲ့စည်းထူထောင်ခွင့်ပေးခဲ့ပါလျက် တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် ရှုမြင်သတ်မှတ်နေတယ်။ ဒါဟာ ကာယကံမြောက်လုပ်ရပ်ဖြစ်တဲ့ မူကိုမကြည့်ဘဲ စစ်တပ်ဆိုတဲ့ လူကိုကြည့်ပြီး ဆုံးဖြတ်နေတာဖြစ်တယ်။

ကျော်မြင့်နိုင်

ဒီလိုဒွန္ဒနည်းနဲ့မဟုတ်ဘဲ စိတ္တဇနည်းနဲ့ဖြစ်ရပ်တွေ လုပ်ဆောင်ချက်တွေကို ကိုယ်လိုရာဆွဲယူ ရှုမြင်ခံယူမှုတွေမှ သက်ရောက်လာတဲ့ အကျိုးတွေကတော့ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ အယူမှားနဲ့ တပ်မတော်အစိုးရပြုတ်ကျရေး၊ NLD အာဏာရရေးကို ဒီမိုကရေစီရေးအဖြစ် လွဲမှားစွာခံယူခဲ့တယ်။ ပထမကာလမှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန့်ရေးလမ်းစဉ် ဖြင့် လူထုဆူပူအုံကြွမှုတွေနဲ့ တပ်မတော်အစိုးရဖြုတ်ချနိုင်ရေးကို စည်းရုံး လှုံ့ဆော်ဆန့်ကျင်ခဲ့ကြတယ်။ ဥပဒေတွင်း၊ ဥပဒေပနည်းတွေနဲ့ တပ်မတော်အစိုးရကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်အားလုံးကို ဒီမိုကရေစီရေးလုပ်ဆောင်မှုတွေအဖြစ် ခံယူလုပ်ဆောင်နေကြတယ်။

ကမ္ဘာ့သမိုင်းမှာ နိုင်ငံရေးဒီမိုကရေစီဖြစ်တဲ့ ပါလီမန်ဒီမိုကရေစီစနစ်ဟာ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာမှုနဲ့အညီ တိုင်းရင်းသား ဓနရှင်လူတန်းစားရယ်၊ လူလတ်တန်းစားရယ်၊ ခေတ်မီစက်ရုံ အလုပ်သမားလူတန်းစားရယ်တို့လို ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖြစ်ပေါ်လာမှုကြောင့် တိုင်းရင်းသား ဓနရှင်လူတန်းစားရဲ့ ရှေ့ဆောင်မှုနဲ့ အလုပ်သမား၊ လယ်သမားလူတန်းစားတို့ရဲ့ထောက်ခံမှုတို့အရ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးစနစ်ဖြစ်တယ်။ အခြေခံအားဖြင့် ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်မှုမှသက်ရောက်လာတဲ့အကျိုး (ဝါ) အသီးအပွင့်ဖြစ်တယ်။

သို့သော် ယနေ့ကာလ အနောက်အုပ်စုနိုင်ငံတွေနဲ့ သူတို့ဩဇာခံတွေ၊ မြန်မာနိုင်ငံမှ ပြည်တွင်းပြည်ပအစိုးရဆန့်ကျင်ရေးဝါဒီတွေကတော့ တည်ဆဲ တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ကာ စီးပွားရေး ပိတ်ဆို့မှုတွေကြောင့် တိုင်းပြည်နဲ့လူထုတွေ စီးပွားရေးချွတ်ခြုံကျပြီး လူထုဆူပူအုံကြွမှုဖြင့် တည်ဆဲတပ်မတော်အစိုးရပြုတ်ကျပြီး NLD အာဏာရရင် ဒီမိုကရေစီရပြီလို့ ခံယူနေကြတယ်။ သူတို့ဟာ ပါတီအဖွဲ့အစည်း အကျိုးမကြည့်ဘဲ လူထုအကျိုးကြည့်ပါတယ်လို့ ပါးစပ်ကပြောနေသော်လည်း လက်တွေ့မှာ လူထုအကျိုးကိုမကြည့်ဘဲ NLD အာဏာရရေးကို လူထုအကျိုးအဖြစ် လှည့်စားလုပ်ဆောင်နေကြတာ တွေ့ရမှာဖြစ်တယ်။

သူတို့ဟာ ပထမကမ္ဘာစစ်ကြောင့် တိုင်းပြည်တွေနဲ့ ပြည်သူတွေ မွဲပြာကျသွားတဲ့ ဂျာမနီ၊ အီတလီ၊ ဂျပန်တို့မှာ နာဇီဝါဒအသွင်ဆောင်တဲ့ အာဏာရှင်စနစ်တွေပေါ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးထပ်ဖြစ်ခဲ့ရတဲ့ သမိုင်းသင်ခန်းစာ၊ ဒုတိယကမ္ဘာစစ်ကြောင့် ကမ္ဘာ့အတိုင်းတိုင်းအပြည်ပြည် မွဲပြာကျသွားမှုနဲ့ ကုန်လုပ်စွမ်းအားစုတွေ ကြေပျက်ကုန်မှုဟာ အရင်းရှင်စနစ်တိုက်ဖျက်ရေး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး (ဆိုရှယ်လစ်ဝါဒအတု) ကမ္ဘာကြီးကို လွှမ်းမိုးစေခဲ့ပြီး ဆိုရှယ်လစ်အမည်ခံ တစ်ပါတီအာဏာရှင်စနစ်အောက်ရောက်တဲ့ တိုင်းပြည်ရောက်၊ အရင်းရှင်စနစ်တိုက်ဖျက်ရေး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး သူပုန်တွေ ကမ္ဘာအနှံ့ပေါ်ခဲ့ကာ ယနေ့ကာလအထိ အတောမသတ်နိုင်သေးတဲ့ သမိုင်းဖြစ်ရပ်တွေ၊ ဒုတိယကမ္ဘာစစ်အပြီးမှာတော့ စီးပွားရေး(အရင်းရှင်စနစ်) တိုးတက်လာမှုနဲ့အညီ ဂျာမနီ၊ အီတလီ၊ ဂျပန်စတဲ့ အာဏာရှင်တိုင်းပြည်တွေဟာ ပါလီမန်ဒီမိုကရေစီသမ္မတနိုင်ငံအဖြစ်သို့ ဆိုက်ရောက်ခဲ့တဲ့ သမိုင်းသင်ခန်းစာတွေကို မျက်ကွယ်ပြု ကန့်လန့်ကာချထားကြတယ်။ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်နေကြတယ်။ ဒါတွေကို အာဏာရှင်စနစ်ဆန့်ကျင်ပြီး ဒီမိုကရေစီစနစ်အတွက် တိုက်ပွဲဝင်နေတာလို့ လိမ်လည်ဝါဒဖြန့်နေကြတယ်။ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေနဲ့ တည်ဆဲ တပ်မတော်အစိုးရပြုတ်ကျပြီး NLD အာဏာရရုံနဲ့ ဒီမိုကရေစီစနစ်ဖြစ်နိုင်တယ်လို့ ရိုးအ မိုက်မဲစွာ ယုံကြည်နေကြတယ်။ ဒီတော့ မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်ပေါ်ရေးမှာ စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ဖိအားပေးမှုတွေကိုလဲ ဒီမိုကရေစီရေးဟုဆိုကာ တစ်နေ့ထက်တစ်နေ့ တိုးမြှင့်ဖိအားပေးဖို့ နိုင်ငံတကာကို တောင်းဆိုနေကြတယ်။

(၃) အနောက်အုပ်စုနိုင်ငံတွေနဲ့ မြန်မာ့ဒီမိုကရေစီရေးကို ကြားဝင်စေ့စပ်ပေးသူတွေကလဲ ပြည်တွင်းပြည်ပအစိုးရ ဆန့်ကျင်ရေးဝါဒီတွေရဲ့ စီးပွားရေးပိတ်ဆို့ဖိအားပေးရေးနဲ့ တပ်မတော်အစိုးရက ကာယကံမှု လုပ်ဆောင်နေတဲ့ ဈေးကွက်စီးပွားရေးကိုဆန့်ကျင်တဲ့ သဘောထား လုပ်ဆောင်ချက်တွေ၊ နိုင်ငံရေးဒီမိုကရေစီအတွက် ရွေးကောက်ပွဲကျင်းပပေးပြီး ပါလီမန်ဒီမိုကရေစီ ထုံးစဉ်လာနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲရလဒ် အကောင် အထည်ဖော်ရေးကို ဆန့်ကျင်ငြင်းဆန်ခဲ့တာတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ဆန့်ကျင်နေတာတွေ စတဲ့ စီးပွားရေး၊ နိုင်ငံရေးတို့အရ ဒီမိုကရေစီ ဆန့်ကျင်ရေး သဘောထားလုပ်ဆောင်ချက်တွေကို အမှန်အတိုင်း ရှုမြင်ဝေဖန် အကြံပေးရမည့်အစား အသွင်အားဖြင့် အစိုးရဆန့်ကျင်ရေး၊ အနှစ်သာရအားဖြင့် စီးပွားရေး၊ နိုင်ငံရေး ဒီမိုကရေစီရေး ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်မှန်သမျှကို ဒီမိုကရေစီတိုက်ပွဲဝင်မှုအဖြစ် ထောက်ခံအားပေးကူညီနေကြတယ်။

အထက်ပါအကြောင်းအရာတွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ တပ်မတော်အစိုးရရဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို ဆန့်ကျင်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးကြန့်ကြာစေတဲ့ အကြောင်းတရားတွေ၊ အမျိုးသား ရင်ကြားစေ့ရေးနဲ့ ဝေးကွာစေတဲ့ အကြောင်းတရားတွေ ဖြစ်ခဲ့၊ ဖြစ်ဆဲဖြစ်ပါတယ်။

အမှန်ကတော့ မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီလက်အောက်ခံဘဝမှာ နှစ်ပေါင်း ၁၂၃ နှစ်ကြာခဲ့သော်လည်း အရင်းရှင်စနစ်ဖြစ်ထွန်းခွင့် (ဈေးကွက် စီးပွားရေး တိုးတက်ဖွံ့ဖြိုးခွင့်)မရခဲ့တဲ့ ခေတ်နောက်ကျမြေယာနဲ့ သဘာဝ ကုန်ကြမ်းထုတ်လုပ်တဲ့ တိုင်းပြည်အဆင့်မှာသာ ရှိခဲ့ပါတယ်။ ဒါကြောင့် ဈေးကွက်စီးပွားရေး ဖြစ်ထွန်းတိုးတက်မှု မရှိခဲ့တာနဲ့အညီ တိုင်းရင်းသားဓနရှင် လူတန်းစားမရှိခဲ့သလို ခေတ်မီအလုပ်သမားလူတန်းစားနဲ့ လူလတ်တန်းစားလည်း ဟုတ်တိပတ်တိ မရှိခဲ့တာကြောင့် ပါလီမန်ဒီမိုကရေစီအတွက် ရပ်အခြေခံမရှိခဲ့ပါ။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဒါမှသာ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားဓနရှင်လူတန်းစား ကြီးထွားလာသလောက် ခေတ်မီအလုပ်သမား လူတန်းစားနဲ့ ပညာတတ်လူလတ်တန်းစားတွေ ဖြစ်ပေါ်တိုးတက်လာတဲ့ အတိုင်းအတာနဲ့အညီ စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီထုံးစဉ်လာတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားကာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံ ဖြစ်လာပါလိမ့်မယ်။ ဒီလို သဘာဝတရားနဲ့အညီ ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဟာလည်း လိုက်လျောညီထွေ ပြောင်းလဲလာပါလိမ့်မယ်။

နိုင်ငံတကာ သတင်းများ

မက္ကဆီကို၌ ရဟတ်ယာဉ်ပျက်ကျ လူရှစ်ဦးဒဏ်ရာရရှိ

မက္ကဆီကိုစီးတီး မတ် ၂၈

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင် ရဟတ်ယာဉ်တစ်စင်း မတ်၂၅ရက်က ပျက်ကျခဲ့ပြီးနောက် ကယ်ဆယ်ရေး အဖွဲ့များသည် ရဟတ်ယာဉ် အပျက်အတွင်းမှ ဒဏ်ရာရရှိသူများအား ဆွဲထုတ်ယူခဲ့ရသည်။

ယင်းရဟတ်ယာဉ် ပျက်ကျမှုကြောင့် လူရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိခဲ့သူများတွင် အာဂျင်တီးနား ဘောလုံးအကျော်အမော် ဂျောဗယ်ဒါနိုတစ်ဦး ပါဝင်ခဲ့သည်။ ၎င်းသည် အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလား ရရှိခဲ့သည့် ၁၉၈၆ခုနှစ်က ယင်း အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး နောက်ပိုင်းတွင် စပိန်နိုင်ငံ ရီရဲမက်ဒရစ်အသင်း နည်းပြနှင့် တယ်လီဗေးရှင်း အားကစားအစီအစဉ် တင်ပြသူအဖြစ် လုပ်ဆောင်ခဲ့သည်။ **(အင်တာနက်)**

နှင်းခူရောဂါသက်သာပျောက်ကင်းသည့်ဆေးသစ် သိပ္ပံပညာရှင်များတွေ့ရှိ

နယူးကတ် မတ် ၂၈

သိပ္ပံပညာရှင်များသည် နှင်းခူရောဂါအတွက် အစွမ်းထက်သည့် ဆေးဝါးတစ်မျိုးကို ဖော်ထုတ်ရန် နည်းလမ်းတွေ့ရှိခဲ့သဖြင့် နှင်းခူနှင့် ပတ်သက်သည့်ရောဂါများကို ပိုမို ပျောက်ကင်းအောင် ကုသနိုင်ပြီ ဖြစ်သည်။

အဇာသီယိုပရိုင်းဆေးသည် နှင်းခူများ ပွားလာခြင်းကို ထိန်းချုပ်ပေးနိုင်သည်။ သို့သော် ထိန်းချုပ်မှုကြောင့် တန်ပြန်ထိခိုက်မှုများလည်း ရှိလာနိုင်သည်ဟု ဆိုသည်။

ထို့ကြောင့် နယူးကတ်စတယ်လ်တက္ကသိုလ်မှ သိပ္ပံပညာရှင်အဖွဲ့သည် နှင်းခူရှိသည့် ဝေဒနာရှင်အား နှင်းခူရောဂါနှင့် အံဝင်ခွင်ကျ စီစဉ်ထားသည့် ဆေးများကို အသုံးပြုပြီး ထိခိုက်မှုကို လျှော့ချခဲ့သည်။

၎င်းတို့သည် နှင်းခူရှိသော လူနာများအား သွေးအတွင်းရှိ အင်ဇိုင်း ဓာတ်နှင့်အညီဖြစ်ရန် ဆေးပမာဏကို လိုက်ဖက်အောင် ပေးခဲ့ခြင်း ဖြစ်သည်။

လက်များ၌ နှင်းခူစွဲနေသည်ကို တွေ့ရစဉ်။

ရောင်ကိုင်းလာတတ်

ဓာတ်မတည့်ရာမှ နှင်းခူဖြစ်ပွားသော ကလေး ၂၀ရာခိုင်နှုန်းသည် အရေပြားများ အလွန်ယားယံလာပြီး ရောင်ကိုင်းလာတတ်သည်။

အရေပြားယားယံမှု သက်သာစေရန် လိမ်းသည့်ဆေးကို အဆီ သို့မဟုတ် ခရင်မ်ဖြင့် သာမန်အားဖြင့် ပြုလုပ်ထားသည်။

အသုံးပြု

အဇာသီယိုပရိုင်းဆေးကိုလည်း ယင်းအခြေအနေတွင် ကုသရန် အသုံးပြုသော်လည်း အထူးသဖြင့် ဝေဒနာပြင်းထန်စွာ ခံစားရသည့် အရွယ်ရောက်ပြီးသူများကိုသာလျှင် ယခုဆေးဖြင့် ကုသပြီး အနည်းငယ် သက်သာအောင် အခြားနည်းဖြင့် ကုသပြီးမှသာလျှင် ယင်းဆေးကို အသုံးပြုခဲ့သည်။

အဆိုပါဆေးကို ကျောက်ကပ် အစားထိုး ကုသမှုခံယူသည့် လူနာများအတွက် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ကပင် အသုံးပြုခဲ့ခြင်း ဖြစ်သည်။

ချေမှုန်းသွားမည်

၎င်းသည် နှင်းခူ ဝေဒနာရှင်အတွက် ကုသရာတွင် အကျိုးသက်ရောက်မှု ရှိခဲ့သော်လည်း လူနာကို ဆေးပမာဏ များစွာပေးပါက ရောဂါ ကူးစက်သည်အထိ ခုခံနိုင်မှုအားနည်းခြင်းများ တိုးပွားစေသည့်အပြင် သွေးဖြူဥနှင့် သွေးနီဥဆဲလ်များကိုလည်း ချေမှုန်းသွားမည် ဖြစ်သည်။

အရေးပါ

ဆေးပမာဏ မှန်ကန်စွာ ပေးနိုင်ပါက ယင်းဆေးဝါး၏ စိတ်ချရမှုမှာ အရေးပါမှု တိုးမြင့်လာမည်ဖြစ်ကြောင်းကို ပထမအကြိမ် စမ်းသပ်ချက်ကပင် ပြနေပြီဖြစ်ကြောင်း အရေပြားရောဂါဆိုင်ရာ အတိုင်ပင်ခံ သုတေသီ ဒေါက်တာ ဆီမွန်မက်ဂစ်က ပြောကြားသည်။

(အင်တာနက်)

ရဟတ်ယာဉ်ပျက်ကျသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

ဂျာမနီ၌ H_5N_1ဖြင့် သေဆုံးနေသော သိန်းငှက်တစ်ကောင် တွေ့ရှိ

ဘာလင် မတ် ၂၈

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် H_5N_1၏ ဗိုင်းရပ်စ်ပိုးဖြင့် သေဆုံးနေသော သိန်းငှက်တစ်ကောင်ကို တွေ့ရှိခဲ့ကြောင်း သောကြာနေ့က အတည်ပြု ပြောကြားသည်။

ဂျာမနီနိုင်ငံ မြို့တော် ဘာလင်တွင် ယခုတွေ့ရှိခြင်းသည် ပထမဆုံးဖြစ်သည်ဟု ကျန်းမာရေးဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဘာလင်မြို့ ဆင်ခြေဖုံးရှိ အိမ်တစ်အိမ်ပေါ်မှ ယင်းသေဆုံးနေသော သိန်းငှက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ်စကတည်းက ဂျာမနီနိုင်ငံတွင် သေဆုံးနေသော ငှက်အကောင် ၄၀၀၀ကို တွေ့ရှိခဲ့ကြောင်း၊ သေဆုံးနေသောငှက်များကို စမ်းသပ်မှုပြုလုပ်ရန် အတွက် ဆေးဘက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟုအာဏာပိုင်များက ပြောကြားသည်။

ယခုအချိန်အထိ ဂျာမနီနိုင်ငံဒေသများစွာရှိ တောရိုင်းကျေးငှက်များတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးတွေ့ရှိမှု ၂၀၀ခန့်ရှိကြောင်း၊ များသောအားဖြင့် ပထမဆုံး ကြက် ငှက်တုပ်ကွေးဖြစ်ပွားခဲ့သည့် ဘောလ်တစ်ပင်လယ်ရပ်ဝန်း ဒေသများမှ ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ရှိမရှိ စစ်ဆေးရန် ဘဲများမှ သွေးနမူနာများ စုဆောင်းနေစဉ်။

ဆာဘီးယားနိုင်ငံ

ဆာဘီးယားနိုင်ငံတွင်ကြက်တစ်ကောင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် H_5N_1 တွေ့ရှိခဲ့ကြောင်း စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက မတ် ၂၅ ရက်၌ အတည်ပြုပြောကြားသည်။

ဗြိတိန်နိုင်ငံ ဝေဘရိတ်ဒေသရှိ ဓာတ်ခွဲခန်းမှ တွေ့ရှိချက်များကို ကိုးကား၍ ဥရောပသမဂ္ဂမှ ယင်းတွေ့ ရှိချက်ရလဒ်ကို အတည်ပြုခဲ့ကြောင်း ဆာဘီးယား စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားသည်။

ယင်းဗိုင်းရပ်စ်ပိုး ကူးစက်နေသောကြက်တစ်ကောင်ကို မတ်၁၅ရက်တွင် ဘော့စနီးယားနယ်စပ်ဒေသ ဝန်းကျင်တစ်ဝိုက်၌ တွေ့ရှိခဲ့ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

ကြိုတင်ကာကွယ်မှုလုပ်ငန်းများအနေဖြင့် ယင်းဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည့် နေရာတစ်ဝိုက်တွင် ပိုးသတ်ဆေးများ ဖျန်းခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ကမ္ဘာတစ်ဝန်းတွင် လူ ၁၀၀ကျော်သွားပြီ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အင်ဒိုနီးရှား၌ မိန်းကလေးတစ်ဦးသေဆုံး

ဂျကာတာ မတ် ၂၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျကာတာတွင် အသက်တစ်နှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားခဲ့ကြောင်း ကျန်းမာရေးဌာနအရာရှိကြီးတစ်ဦးက မတ် ၂၅ ရက်တွင် ပြောကြားသည်။

တွေ့ရှိ

ယင်းမိန်းကလေးသေဆုံးပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် H_5N_1ရောဂါဖြင့်သေဆုံးသူ ၂၃ ဦးရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုခဲ့သည်။ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးH_5N_1ကို ယခုအခါ ကမ္ဘာတွင် လူဦးရေ စတုတ္ထမြောက်အများဆုံးနိုင်ငံ၏ မွေးမြူရေးခြံများတွင် တွေ့ရှိနေရသည်။

သေဆုံးခဲ့

ဂျကာတာမြို့ရှိ ဆေးရုံအရေးပေါ်အခန်းသို့ရောက်ရှိလာပြီး မကြာမီတွင် ယင်းမိန်းကလေးသည် ကြာသပတေးနေ့က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အတည်ပြုနိုင်

၎င်းမိန်းကလေးငယ်၏ သွေးနမူနာများကို ဓာတ်ခွဲစမ်းသပ်ရန်အတွက် ဟောင်ကောင်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဓာတ်ခွဲခန်းသို့ အတည်ပြုနိုင်ရန်အတွက် ပေးပို့ထားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဓနသဟာယ အားကစားပြိုင်ပွဲ ကျင်းပပြီးစီး

မယ်လ်ဘုန်း မတ် ၂၈

ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့တွင် (၁၈)ကြိမ်မြောက် ဓနသဟာယ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပခဲ့ရာ ဘဲလေးအကအဖွဲ့များ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်း အားကစားပြိုင်ပွဲကျင်းပရာတွင် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၇သန်းခန့် ကျခံသုံးစွဲခဲ့ပြီး ဓနသဟာယအဖွဲ့ဝင် နိုင်ငံ ၅၃နိုင်ငံမှ အားကစားအဖွဲ့ ၇၁ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(အင်တာနက်)

ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံ တီဘီရောဂါကူးစက်ခံရ ရောဂါဖြစ်ပွားသူအရေအတွက် နှစ်စဉ်တိုးမြင့်လာ

ဒါကာ မတ် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တီဘီရောဂါကူးစက်ခံရသူ သုံးသန်းခန့်ရှိရာ နှစ်စဉ် တီဘီရောဂါကြောင့် လူခုနစ်သောင်းခန့် သေဆုံးနေရကြောင်း ဘင်္ဂလားဒေ့ရှ်ပြည်တွင်းသတင်းစာ ဒေးလီးစတားက မတ် ၂၆ ရက်၌ ဖော်ပြလိုက်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီရောဂါဖြစ်မှုအများဆုံးနိုင်ငံများတွင် အဆင့်ငါးနေရာ၌ ရှိနေသည်။ ထို့အတူ အရှေ့အာရှနှင့် တောင်အာရှ နိုင်ငံများ၌လည်း တီဘီရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ပြောကြားသည်။

ပြောကြား

ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံသည် တီဘီရောဂါကူးစက်ခံရသူများ ဖြစ်နေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ပြုလုပ်သည့် ကမ္ဘာ့တီဘီရောဂါနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ် ခါရှစ်အက်လန်ဟိုင်ဒါက ပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ရှစ်သန်းခန့်ရှိနေပြီး ရောဂါဖြစ်ပွားမှု အရေအတွက်မှာ နှစ်စဉ် တိုးမြင့်လျက်ရှိသည်။ တီဘီရောဂါနှင့် ပတ်သက်၍ မီဒီယာများက တိုးမြှင့်ဆောင်ရွက်ပေးရန် လူမှုရေးအဖွဲ့အစည်းများကလည်း တီဘီရောဂါ ထိန်းချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ခါရှစ်အက်လန်ဟိုင်ဒါက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

သေကံမရောက်သည့် ရက်၅၀သားအရွယ် ကလေးငယ်

ပေကျင်း မတ် ၂၈

တရုတ်နိုင်ငံ အလယ်ပိုင်းဟူဘေးပြည်နယ် ကျီကျင်းမြို့တွင် မတ် ၂၅ ရက်က ယာဉ်မတော်တစ်ဆ ဖြစ်ရပ်တစ်ခု၌ လူအများအပြား သေဆုံးခဲ့သော်လည်း ရက်၅၀သား အရွယ်ရှိသေးသည့် ကလေးငယ်လေးတစ်ဦးမှာ ထိခိုက်မှု အနည်းငယ်သာ ရရှိခဲ့ပြီး သေကံမရောက် သက်မပျောက်ခဲ့ကြောင်း သိရသည်။

အသက်ချမ်းသာ

ဖြစ်စဉ်မှာ ဟူဘေးပြည်နယ်မြို့တော်ဝူဟန်နှင့် ကျီကျင်းမြို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမတစ်ခုတွင် ခရီးသည် အပြည့်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ထရပ်ကားတစ်စီးတို့ တိုက်မိရာ ခရီးသည် ၁၂ ဦးပွဲချင်းပြီးသေဆုံးပြီး လူ၄၂ ဦး ဒဏ်ရာရရှိ ရာ၌ အဆိုပါကလေးငယ်မှာ အနည်းငယ်သာ ထိခိုက်မှုရှိခဲ့ပြီး ဘေးကင်းစွာ အသက်ချမ်းသာရာရရှိခဲ့ခြင်း ဖြစ်သည်။

ဆေးရုံ၌ ကလေးငယ်အား ဆေးဝါးကုသပေးနေစဉ်။

(အင်တာနက်)

ကိုလံဘီယာ၌ ရေလွှမ်းမိုးမှုဖြစ်ပွား လူ ၃၂ ဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

ဘိုဂိုတာ မတ် ၂၈

ကိုလံဘီယာနိုင်ငံတွင် ပြည်နယ်ငါးခု၌ ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ ၃၂ ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ရာပေါင်းများစွာသော ဒေသခံများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့ အကြီးအကဲတစ်ဦးက မတ် ၂၄ ရက်၌ ပြောကြားလိုက်သည်။

ရေလွှမ်းမိုးခံရသည့်ပြည်နယ်များမှာ အင်တီရိုကွီရာ၊ တိုလီမာ၊ ရီဆာရာဒါ၊ ကယ်ဒတ်စ် နှင့်နာရီနိုပြည်နယ်တို့ဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့အကြီးအကဲ အီဒူရာဒိုဂျို့ဝွန်ဇာလက်ဇ်က ပြောကြားသည်။

ရေလွှမ်းမိုး

ရီဆာရာဒါပြည်နယ် မြို့တော် ပီရီရာတွင် ရေလွှမ်းမိုးမှုကြောင့်နေအိမ်သုံးလုံး ရေထဲ မျှောပါသွားကြောင်း၊ ရီဆာရာဒါနှင့် အာမီးနီး ပြည်နယ်မြို့တော် ကွင်ဒိုင်ရိုသို့ဆက်သွယ်ထားသည့်အဓိကလမ်းမကြီးလည်း ရေလွှမ်းမိုးလျက် ရှိသည်။

(အင်တာနက်)

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် မတ်လ ၂၇ ရက်အထိ ၂၃၂၃ ဦးရှိပြီ

ဘဂ္ဂဒက် မတ် ၂၈

၂၀၀၃ ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် မတ်လ ၂၇ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၃၂၃ ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းအနက် ၁၈၂၅ဦးမှာ ရန်လိုသော တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။

အီရတ်၌သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၃ဦး၊ အီတလီ ၂၇ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယား တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂင်းနက်စ်မှတ်တမ်းဝင်မည့် နှုတ်ခမ်းမွေး



အိန္ဒိယ အမျိုးသားကြီးတစ်ဦးက သူ၏ ရှည်လျားသော နှုတ်ခမ်းမွေးကို ပြသနေစဉ်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း အက်မီဒါဘတ်မြို့တွင် နေထိုင်သည့် ဘာဒမ်ဆင့်အမည်ရှိ အိန္ဒိယအမျိုးသားကြီး၏ နှုတ်ခမ်းမွေးသည် အရှည်၁၂ပေ ၅လက်မရှိကြောင်း သိရသည်။ ဤမျှအရှည်ရအောင် သူသည် ၂၂နှစ်ကြာမျှ နှုတ်ခမ်းမွေးကို မရိတ်ဘဲ အရှည်ထား ထိန်းသိမ်းခဲ့ရာ ဂင်းနက်စ်မှတ်တမ်းဝင်ရန် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ရိုးရာပလွေမှုတ် စွမ်းရည်ပြ

တရုတ်ရိုးရာ ပလွေမှုတ်ပြီး စွမ်းရည်ပြသနေသူ တစ်ဦးကို တွေ့ရစဉ်။

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စု ပြည်နယ် နန်ကျင်းမြို့တွင် တရုတ်အမျိုးသားကြီး တစ်ဦးက ရိုးရာ ပလွေနှစ်ချောင်းကို သူ၏ နှာခေါင်းဖြင့် တစ်ချောင်း၊ ပါးစပ်ဖြင့် ပလွေ တစ်ချောင်းကို တစ်ပြိုင်နက်တည်း မှုတ်ပြကာ စွမ်းရည်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

တောင်အာဖရိကရှိ တိရစ္ဆာန်ဥယျာဉ်မှ ခြင်္သေ့များ လွတ်သွား၍ ပြည်သူများ စိုးရိမ်ထိတ်လန့်နေ

ဂျိုဟန်နစ္စဘတ် မတ် ၂၈

တောင်အာဖရိကနိုင်ငံ ခရူဂျာအမျိုးသားဥယျာဉ်အနီးရှိ မြို့တစ်မြို့တွင် နေထိုင်သော ပြည်သူများသည် လွန်ခဲ့သော သီတင်းပတ်က ခြင်္သေ့များ လွတ်သွားခဲ့သဖြင့် စိုးရိမ်ထိတ်လန့်နေကြကြောင်း ဒေသဆိုင်ရာ မီဒီယာက မတ် ၂၄ ရက်၌ ပြောကြားသည်။

ခြင်္သေ့များသည် မိမိတို့ပိုင်ဆိုင်သော ကျွဲ၊ နွားများကို အငမ်းမရဖမ်းယူ စားသောက်နေကြကြောင်း၊ လင်ပိုပိုပြည်နယ် ဘွတ်ရှ်ဘတ်ရစ်မြို့နေ ပြည်သူများက ပြောကြားသည်။

လွတ်ထွက်သွား

ယင်းကဲ့သို့ ခြင်္သေ့များ လွတ်ထွက်သွားမှုကြောင့် မြို့နေပြည်သူများမှာ အလွန်ကြောက်လန့်နေကြကြောင်း၊ ခြင်္သေ့များမှာ အဆိုပါမြို့ဝန်းကျင်၌ ရှိနေကြကြောင်း၊ ၎င်းအမျိုးသားဥယျာဉ်မှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပစ်သတ်ခံရ

ထိုကဲ့သို့သော စိုးရိမ်ဖွယ်ရာ အခြေအနေကြောင့် ပြည်နယ်ပတ်ဝန်းကျင်ဆိုင်ရာ ဦးစီးဌာနက မကြာသေးမီက ခြင်္သေ့ငါးကောင်ကို သေနတ်ဖြင့် ပစ်သတ်လိုက်ရသည်ဟု ဆိုသည်။

အဆိုပါဒေသတွင် ခြင်္သေ့ကိုးကောင်လွတ်နေဆဲဖြစ်ကြောင်း၊ ယင်းခြင်္သေ့များမှာ ပုဂ္ဂလိကခြံတစ်ခြံမှ လွတ်မြောက်သွားခြင်းဖြစ်ကြောင်း ပြောဆိုနေသော်လည်း အမှန်တကယ်မှာ ခရူဂျာအမျိုးသားဥယျာဉ်မှ လွတ်မြောက်သွားသော ခြင်္သေ့များသာ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ခြင်္သေ့နှစ်ကောင်ဆော့ကစားနေသည်ကို တွေ့ရစဉ်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် နွေရာသီသင်တန်းများ ဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၂၄ ရက်တွင် အင်္ဂပူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲသို့ တက်ရောက်၍ ရွှေထီးတော်ကိုပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ်တစ်ပတ် ပူဇော်သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မင်္ဂလာပန်းရထားဖြင့် ရွှေထီးတော်ကို စေတီတော်ပေါ်သို့ တင်လှူပူဇော်သည်။

တပ်ဆင်ပူဇော်

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၂၅ ရက်နံနက်ပိုင်းတွင် အင်္ဂပူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပွဲအခမ်းအနားကို တက်ရောက်ကြည်ညိုသည်။ ရှေးဦးစွာ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပန်းရထားဖြင့် စေတီတော်ပေါ်သို့ ပင့်ဆောင်ပြီး ဂေါပကအဖွဲ့ဝင်များနှင့်အတူ စေတီတော်၌ တပ်ဆင်ပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် ၁၀၈ ပါးတို့က အနေကဇာတင်တော်မူကြပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် မြို့မ(မြောက်) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နွေရာသီသင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ နွေရာသီသင်တန်းများမှာ ယဉ်ကျေးမှုသင်တန်း၊ စာရင်းကိုင်သင်တန်း၊ ကြက်ဆူပင်စိုက်ပျိုးနည်းသင်တန်း၊ ဥပဒေသင်တန်း၊ မြန်မာ့သိုင်းသင်တန်း၊ ကွန်ပျူတာသင်တန်း၊ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်း၊ စက်မှုလယ်ယာပစ္စည်းများ ပြုပြင်ခြင်းစသည့် သင်တန်းများ ဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ထောက်ပံ့ရေး ရန်ပုံငွေအတွက် အလှူငွေကျပ် ၂၂ သိန်းကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်တန့်ရောင်စဉ်များပန်းချီပြပွဲ

မြောက်ဥက္ကလာပမြို့နယ် ပန်းချီဆရာများ၏ သက်တန့်ရောင်စဉ်များ ပန်းချီပြပွဲကို ဗိုလ်ချုပ်စျေးအရှေ့ဘက်တန်း ပန်းချီပန်းပုပြခန်း၌ ခင်းကျင်းပြသလျက်ရှိရာ လှမြင့်ဦး၏ "မြန်မာ့ဆီမီးခွက်အက" ပန်းချီကား(အောက်ပုံ)**နှင့် ဖြူဖြူမော်၏ "သပြေပင်" အမည်ရှိ ရေဆေး ပန်းချီ**(အပေါ်ပုံ)**တို့ကို တွေ့ရစဉ်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျိုက်ဒေးယံ့ သင်္ကြန်အတွင်း ၁၀ရက် တရားစခန်း

ရန်ကုန် မတ် ၂၈

သန်လျင်မြို့ ကျိုက်ဒေးယံ့ဘုရားခြေတော်ရင်းရှိ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်၏ (၁၄)ကြိမ်မြောက် မဟာစည်သတိပဋ္ဌာန် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၇ ရက်မှ ၁၇ ရက် အထိကျင်းပမည်ဖြစ်ရာ ကျိုက်ဒေးယံ့ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဥတ္တရ(ဓမ္မာစရိယ နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)၊ မြစ်သားဆရာတော် ဘဒ္ဒန္တ ဝါသဝ(ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)၊ ရွှေသန်လျင် ဆရာတော် ဘဒ္ဒန္တ မေဃိယ (ဓမ္မာစရိယ ဝိနယဝိဒူ)၊ မင်္ဂလာဒုံမဂုဏ်ရည် ဆရာတော် ဒေါက်တာကောဝိဒ(ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ပင်းတယဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ (မဟာကမ္မဋ္ဌာနာစရိယ)၊ တန့်ဆည်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)၊ သာယာကုန်းဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီးများက မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် အလုပ်ပေးတရားတော်တို့ကို ဟောကြားမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုသော ယောဂီများအနေဖြင့် ဧပြီ ၇ ရက်ညနေ ၅ နာရီတွင် စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းသို့ လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော် လည်းကောင်း၊ ဖုန်း- ၀၅၆-၂၁၅၇၈ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်း သီရိဝေလာစာသင်တိုက် ဆရာတော် ဂုဏ်ပူဇော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက် သီရိဝေလာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိသုတအား အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဂုဏ်ပူဇော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ကိုးထပ်ကြီးဘုရားဝင်းရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အစီအစဉ်အရ ပြည်မြို့ ဇောတိကာရုံစာသင်တိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်၏ ထေရုပ္ပတ္တိကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဦးက ဖတ်ကြားကြည်ညိုပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (အောင်မင်္ဂလာကျားကျောင်း) ရေးသားဂုဏ်ပြုအပ်သော ရတုပိုဒ်စုံကို တေးသံရှင် ဒလဝေဝေက စမ်းချောင်း အထက(၂) ရွှေစောင်းသံအဖွဲ့မှ စောင်းဆရာကြီး ဦးချမ်းနှင့်တွဲဖက်၍ ဖတ်ကြားသီဆို ဂုဏ်ပြုပူဇော်သည်။

ဆက်ကပ်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆရာတော်ထံ ဆက်ကပ်သည်။ **(အပေါ်ပုံ)**

သီရိဝေလာရဟန်းမယ်တော် ဒေါ်နွဲ့နွဲ့ရီက ဂုဏ်ပြုခံဆရာတော်၏ ငယ်ဆရာရင်း နှစ်ပါးဖြစ်သော ပြည်မြို့ ဇောတိကာရုံစာသင်တိုက် ဆရာတော်နှင့် မြောင်းမြမြို့ ပဋ္ဌာနာရုံတိုက်သစ် ဆရာတော်တို့အား အလှူတော် ငွေကျပ် ငါးသောင်းစီနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ပြီး မြောင်းမြဆရာတော်ကြီးထံမှ ဩဝါဒကထာနာယူကြပြီး ရေစက်သွန်းချသည်။ **(၁၂၉)**

ဇနီးဒေါ်တင်ရီ (ကျောင်းကုန်း) အား ရည်စူး၍ အမှတ် ၁၀၃ ၉၃ လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမြင့်သိန်းနှင့် သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(မြန်မာ့အလင်း)

အာနာပါနသတိဘာဝနာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ရွာဦးလမ်း ဝေနေယျကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှစ်ကြိမ်မြောက် မဟာသင်္ကြန် အဓိဋ္ဌာန်တရားစခန်းအား ဦးနန္ဒသာရ (မြို့နယ် ဩဝါဒါစရိယနှင့် မယ်လမုစေတီတော်ဩဝါဒါစရိယ)က ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းဝင်လိုသူယောဂီများ ဧပြီ ၈ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မတ် ၂၉ ရက် (ယနေ့)မွန်းလွဲပိုင်း၌နေကြတ်မည် အိန္ဒိယအပါအဝင် နိုင်ငံအချို့မှ မြင်တွေ့ရဖွယ်ရှိ

လုံးဝနေကြတ်ခြင်းကို မတ် ၂၉ ရက် ဗုဒ္ဓဟူးနေ့ **(ယနေ့)** မွန်းလွဲပိုင်းတွင် ဖြစ်ပေါ်မည်ဖြစ်ရာ အိန္ဒိယနိုင်ငံက တစ်စိတ်တစ်ဒေသအားဖြင့် မြင်ရနိုင်ကြောင်း အိန္ဒိယ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက မတ် ၂၇ ရက်က ပြောကြားသည်။

မြင်ရဖွယ်ရှိ

၎င်းကို အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသအချို့မှ မြင်ရဖွယ်ရှိကြောင်း၊ တောင်ပိုင်းရှိ ပြည်သူများသည် မြင်ရဖို့အခွင့်အလမ်းမရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယအနောက်မြောက်ပိုင်း အမ်ရိစတာမှ ပြည်သူများသည် ညနေ ၄ နာရီ ၂၅ မိနစ်မှညနေ ၆ နာရီ ၆ မိနစ်အထိလည်းကောင်း၊ နယူးဒေလီမှ ညနေ ၄ နာရီ ၃၃ မိနစ်မှညနေ ၆ နာရီ ၂ မိနစ်အထိလည်းကောင်း၊ အိန္ဒိယအရှေ့မြောက်ပိုင်းမှ ပြည်သူများသည် ညနေ ၄ နာရီ ၅၂ မိနစ်တွင်လည်းကောင်း နေကြတ်ခြင်းကိုတွေ့မြင်ရမည်ဖြစ်ကြောင်း **(ယာပုံ)** အဆိုပါဝန်ကြီးဌာနကကြေညာသည်။

အဆိုပါနေကြတ်ခြင်းကို ဘရာဇီး၊ ဂါနာ၊ တိုဂို၊ ဘီနင်၊ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ လစ်ဗျားအနောက်မြောက်ပိုင်း၊ အီဂျစ်၊ တူရကီအနောက်မြောက်ပိုင်း၊ ဂျော်ဂျီယာအနောက်မြောက်ပိုင်း၊ ရုရှား၊ ကာဇက်စတန်အနောက် တောင်ပိုင်း၊ ရုရှားတောင်ပိုင်း၊ မွန်ဂိုလီးယားမြောက်ပိုင်းဒေသတို့မှလည်း မြင်တွေ့ရဖွယ်ရှိကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ ယင်းနေကြတ်ခြင်းသည် အိန္ဒိယစံတော်ချိန် ၁၄:၀၅ တွင် စတင်ဖြစ်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)



အင်တာနက်အထူးသတင်းနှင့် ဓာတ်ပုံ

29-3 (06).p65 1 1/2/32, 1:48 PM

အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာဆရာမများ မွမ်းမံသင်တန်းများဖွင့်လှစ်

ရန်ကုန် မတ် ၂၈

ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြိုးပမ်းလေ့ကျင့်

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များအရ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၃၀၌ တက္ကသိုလ်ဆရာဆရာမများက ဦးဆောင်ပြီး ယနေ့မှစ၍ ဖွင့်လှစ်လေ့ကျင့်ပေးနေပြီဖြစ်ကြောင်း၊ အဆိုပါ သင်တန်းများသို့ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမအားလုံး တက်ရောက်နေကြပြီဖြစ်ကြောင်း၊ တက္ကသိုလ်ဆရာဆရာမများ အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘာသာရပ်အလိုက် အရည်အသွေးပြည့်ဝသည့် ဆရာဆရာမများအဖြစ် လေ့ကျင့်သင်ကြားပေးရန်ဖြစ်ကြောင်း၊ အထက်တန်းအဆင့်သင် ဆရာဆရာမများအနေဖြင့်လည်း အခြေခံပညာရေး အရည်အသွေးမြင့်မားရေးအတွက် ကြိုးပမ်းလေ့ကျင့် သင်ယူကြရန်၊ မိမိတို့ကျောင်းအလိုက် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကို မြှင့်တင်ပေးကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် Language Lab ၌ အင်္ဂလိပ်စာဘာသာပြ ဆရာဆရာမများ တက်ရောက်သင်ယူနေမှုကိုလည်းကောင်း၊ သိပ္ပံလက်တွေ့ခန်း၌ ရူပဗေဒဘာသာပြ ဆရာဆရာမများ၏ လက်တွေ့စမ်းသပ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သင်္ချာဘာသာပြ ဆရာဆရာမများ၏ လက်တွေ့သင်ယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

မိတ္ထီလာ

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ယနေ့နံနက် ၁၀ နာရီတွင် မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တောင်ငူ

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ယနေ့နံနက် ၉နာရီခွဲတွင် တောင်ငူတက္ကသိုလ်စာသင်ခန်းအမှတ်(၅/၁၀၂)၌ကျင်းပသော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့်ရူပဗေဒဘာသာပြဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများ တတိယနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် မတ် ၂၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ပြခန်းများကို ယနေ့နံနက်၉နာရီမှ ညနေ၅နာရီ အထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ တတိယနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ပြပွဲတွင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ပြကွက်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြကွက်၊ တိုင်းစစ်ဌာနချုပ်များ၏ ပြကွက်များ၊ မြန်မာနှင့်အာဆီယံပြကွက်၊ မြန်မာနှင့်နိုင်ငံတကာဆက်ဆံရေးပြကွက် စသည်တို့ကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ ဇယား၊ ပန်းချီကားများဖြင့်ပြသထားရာ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ဆုများချီးမြှင့်

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ဧပြီ ၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။

အဆိုပါပြပွဲကို နေ့စဉ် နံနက်၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ဒီအချက်ဟာ အရှေ့အာရှမှာ အကြီးမား အကျယ်ပြန့်ဆုံးသော ရောင်စုံသောင်းကျန်းမှုကြီးဖြစ်ပေါ်စေခဲ့ပြီး ဖဆပလပါလီမန် ဒီမိုကရေစီ ၁၄ နှစ်နဲ့ ကျဆုံးပျောက်ကွယ်ခဲ့ရတဲ့အကြောင်းရင်း ဖြစ်တယ်။ ဖဆပလ ကျဆုံးသွားပြီး ဒီမိုကရေစီရပ်အခြေခံမရှိမှုနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို တာဝန်ယူထိန်းသိမ်းနိုင်တဲ့ နိုင်ငံရေးပါတီမရှိမှုတွေကြောင့် ၁၉၆၂ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်အာဏာကိုရယူပြီး ထိန်းသိမ်းခဲ့ရတဲ့ အခြေအနေကို ရောက်ရှိစေခဲ့တယ်။

အဲဒီကာလက တော်လှန်ရေးကောင်စီအစိုးရဟာ နိုင်ငံတော်အာဏာကိုရယူပြီး အရင်းရှင်စနစ် တည်ဆောက်မလား၊ ဆိုရှယ်လစ်စနစ်တည်ဆောက်မလားဆိုတဲ့ မေးခွန်းနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အဲဒီတုန်းက မြေရှင်တစ်ပိုင်း၊ အရင်းရှင်တစ်ပိုင်း အင်္ဂလိပ်ကိုလိုနီအစိုးရကို အရင်းရှင်အစိုးရအဖြစ် ကမ္ဘာနှင့်အဝန်းရှုမြင်နားလည်ခံယူနေကြတာတွေ၊ ကမ္ဘာနဲ့အဝန်း နယ်ချဲ့စိုးမိုးခြယ်လှယ်ခဲ့တာတွေ၊ အရင်းရှင်စနစ်ဟာ ဖောက်ပြန်ပုပ်သိုးသေနာကျနေပြီ၊ ဒုတိယကမ္ဘာစစ်ကြောင့် မွဲပြာကျနေတဲ့ ကမ္ဘာနဲ့ မြန်မာပြည်သူတွေအတွက် မွဲပြာကျမှုမှ လွတ်မြောက်ရေးအတွက် ထွက်ရပ်လမ်းဟာ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးသာဖြစ်တယ်လို့ ကမ္ဘာနဲ့မြန်မာပြည်သူတွေ၊ မြန်မာနိုင်ငံရေးပါတီတွေအားလုံးက လွဲမှားခံယူခဲ့တာတွေကြောင့် ဒီဝဲသြဃကို မလွန်ဆန်သာတဲ့ တော်လှန်ရေးကောင်စီအစိုးရဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ကျင့်သုံးလိုက်ရတဲ့အတွက် ပုဂ္ဂလိက အရင်းအနှီးအားလုံးကို ပြည်သူပိုင်သိမ်းလိုက်ခြင်းဖြင့် တိုင်းပြည်ဟာ "လူတန်းစားမဲ့လူ့အဖွဲ့အစည်း"ဘဝသို့ ဆိုက်ရောက်ခဲ့ရတယ်။

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ အာဏာရလာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖျက်သိမ်းကာ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးလိုက်ချိန်ရောက်ပြီး ကာယကံမြောက်လုပ်ဆောင်လာချိန်ကျမှ လူတန်းစားတွေ ပြန်လည်ပေါ်ထွက်လာခဲ့ရတာဖြစ်တယ်။

ဒီလိုအခြေအနေမျိုးမှာ၊ စနစ်သစ်တစ်ခုဖြစ်ပေါ်လာရေးမှာ ဘယ်လိုသဘာဝရှိတယ်ဆိုတာ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒက ဘယ်လိုဆိုညွှန်း ဆိုထားသလဲဆိုရင်–

'ကုန်လုပ်စွမ်းအားစုတွေဟာ လူမှုဆက်ဆံရေးစနစ်ထဲမှာ နေရာဝင်ဆံ့ နေသေးတဲ့အတွက် အဲဒီ ကုန်လုပ်စွမ်းအားစုတွေအားလုံး ဖွံ့ဖြိုးတိုးတက် မလာသေးမီ ဘယ်လူ့ဆက်ဆံရေးစနစ်မှ ပျက်စီးချုပ်ငြိမ်းသွားရိုးမရှိခဲ့ဘူး' (ဆိုလိုတာက ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်မှုနည်းနေသေးရင် စနစ်ဟောင်း ထုံးစဉ်လာဟောင်းတွေ ပျောက်ကွယ်ချုပ်ငြိမ်းမှုမဖြစ်နိုင်သေးဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်)။ ရုပ်ဝတ္ထုအခြေအနေစုံတွေကို အမှီပြုပြီး ကုန်လုပ်ဆက်ဆံရေးတွေ တည်ရှိနေတာဖြစ်တယ်။ (ဆိုလိုတာက ဒီရုပ်ဝတ္ထု အခြေခံတွေပေါ်မှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာတွေ ဖြစ်ပေါ်လာတာ ဖြစ်တယ်လို့ ဆိုလိုတယ်) ဒါကို နောက်တစ်နည်းနဲ့ ဘယ်လို သွန်သင်ထားသေးသလဲဆိုရင် 'ကမ္ဘာပေါ်မှာ ဘယ်တန်ခိုးအင်အားကမှ တားမရနိုင်တဲ့ အရာတစ်ရပ်ရှိပါတယ်။ အဲဒါကတော့ ကုန်လုပ်စွမ်းအားစုတွေနဲ့အညီ ကုန်လုပ်ဆက်ဆံရေးတွေ(ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေ)ဟာ လိုက်ပါပြောင်းလဲရတယ် ဆိုတာဖြစ်တယ်)။ အင်္ဂလန်၊ အမေရိကန်လို ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အဲဒီက ကုန်လုပ်စွမ်းအားစုမျိုးမရှိဘဲ အင်္ဂလန်၊ အမေရိကန်ဒီမိုကရေစီကို ပုံတူကူးကျင့်သုံးရင် ဘယ်လိုကံကြမ္မာဆိုးနဲ့တိုးရတယ်ဆိုတာ ဆိုဗီယက်ယူနီယံက ခွဲထွက်သွားတဲ့ တိုင်းပြည်တွေကို လေ့လာသင်ခန်းစာယူသင့်ပါတယ်။

နောက်ထပ် ဘယ်လိုဆက်ပြီး ညွှန်းထားသေးသလဲဆိုရင် "ဒီတော့ လူ့အဖွဲ့အစည်းဟောင်းကိုယ်တိုင်ရဲ့ ဝမ်းဗိုက်ထဲမှာ ရုပ်ဝတ္ထုအခြေအနေစုံတွေ(ကုန်လုပ်စွမ်းအားစုတွေ) ကြီးထွားမလာသေးခင် ပိုပြီးမြင့်မားတဲ့ ကုန်လုပ်ဆက်ဆံရေးစနစ်သစ်တွေ (ဒီမိုကရေစီထုံးစဉ်လာတွေ)ဟာ ဘယ်တော့မှ ပေါ်ပေါက်မလာဘူး၊ ဒါကြောင့် လူ့လောကဟာ မိမိဖြေရှင်းနိုင်စွမ်းရှိတဲ့ လုပ်ငန်းတာဝန်မျိုးတွေကိုသာ သယ်ပိုးထမ်းဆောင်လေ့ရှိတယ်၊ ဒီကိစ္စကို အနီးကပ် ပိုပြီးစေ့စေ့စပ်စပ် ကြည့်ရှုလေ့လာမယ်ဆိုရင် လုပ်ငန်းတာဝန်ကို ဖြေရှင်းထမ်းဆောင်နိုင်ဖို့လိုအပ်တဲ့ ရုပ်ဝတ္ထုအခြေအနေစုံတွေဟာ အဆင်သင့်တည်ရှိနေပြီး ဒါမှမဟုတ် အနည်းဆုံးပြောရရင် ဖြစ်ပေါ်နေဆဲအချိန်ရောက်တော့မှသာ လုပ်ငန်းတာဝန်ဟာ ပေါ်ပေါက်လာတော့တယ်ဆိုတာကို အမြဲတွေ့ရလိမ့်မယ်"

အထက်ပါ သွန်သင်ညွှန်ပြချက်တွေအရ ယနေ့မြန်မာနိုင်ငံရဲ့ ရုပ်ဘဝ ဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ အနေအထားအရ ဖြစ်သင့်ဖြစ်ထိုက်တာက...

NLD အဖွဲ့ချုပ်ဟာ တပ်မတော်အစိုးရကို မဟာမိတ်ပြု လက်တွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်သော ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်အောင် လုပ်ဆောင်သင့်ပါတယ်။ ဒါမှသာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ ရုပ်ဝတ္ထု ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်လာမှာဖြစ်တယ်။

ဒါမှသာ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားခနေရှင်လူတန်းစား ကြီးထွားလာသလောက် ခေတ်မီအလုပ်သမားလူတန်းစားနဲ့ ပညာတတ်လူလတ်တန်းစားတွေ ဖြစ်ပေါ်တိုးတက်လာတဲ့ အတိုင်းအတာနဲ့အညီ စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီထုံးစဉ်လာတွေဟာ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်မြင့်မားကာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံ ဖြစ်လာပါလိမ့်မယ်။ ဒီလို သဘာဝတရားနဲ့အညီ ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဟာလည်း လိုက်လျောညီထွေပြောင်းလဲလာပါလိမ့်မယ်။

ဒါကြောင့် ပြည်တွင်းပြည်ပအစိုးရဆန့်ကျင်ရေး ဝါဒီတွေ၊ မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံအားပေးနေပါတယ်ဆိုသူတွေဟာ လူ့သမိုင်းရဲ့ တိုးတက် ဖြစ်ပေါ်ရေး သဘာဝတရားတွေကိုဆန့်ကျင်ပြီး 'အာဏာရှင်စနစ်ကျဆုံးရေး၊ ဒီမိုကရေစီထူထောင်ရေး' လုပ်ဆောင်နေတာတွေဟာ တိုင်းပြည်မှာလည်း မလိုလားအပ်တဲ့ အနိဋ္ဌာရုံတွေဖြစ်ပေါ်စေကာ အကျဉ်းသားဘဝ ဆိုက်ရောက်ရတဲ့ဖြစ်ရပ်၊ ပြည်ပြေးဘဝသို့ ဆိုက်ရောက်ရတဲ့ ဖြစ်ရပ်တွေဟာ အာဏာရှင်စနစ်ရဲ့ မတရားဖိနှိပ်မှုလို့ဆိုပြီး ဖြစ်ရပ်မှန်ကိုပြောင်းပြန်လုပ်ပြီး ရှုမြင်ခံယူနေမယ့်အစား ဒါတွေဟာ သဘာဝတရားကိုဆန့်ကျင်နေခြင်းမှ သက်ရောက်လာတဲ့ အကျိုးတွေသာဖြစ်ကြောင်း ပြန်လည်လေ့လာဆန်းစစ်သုံးသပ်သိမြင် နားလည်ကြရန် အချိန်တန်ပါပြီ။ "သဘာဝတရားကို သိမြင်ခြင်းဟာ လွတ်လပ်ရေးမည်တယ်၊ သဘာဝတရားကို ဆန့်ကျင်ခြင်းဟာ ပျက်စီးရေးမည်တယ်"ဆိုတဲ့ သဘာဝသိပ္ပံရဲ့ သွန်သင်ညွှန်ပြထားတာနဲ့ အညီ အလေးအနက် ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါပြီ။

(၁) တပ်မတော်အစိုးရကို အကဲဖြတ်ရာမှာ မူဖြစ်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးလမ်းစဉ်တွေနဲ့ ကာယကံမြောက်လုပ်ဆောင်ချက်မှုကို မကြည့်ဘဲ စစ်တပ်ဆိုတဲ့လူကိုကြည့်ပြီး စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ကာ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုပြီး ဥပဒေတွင်း ဥပဒေပနည်းတွေ၊ စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့မှုတွေနဲ့ လူထုဆူပူအုံကြွမှုတွေဖန်တီးပြီး အာဏာရယူရေးကြိုးပမ်းမှုတွေအစား တပ်မတော်အစိုးရကို မဟာမိတ်အဖြစ် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို လုပ်ဆောင်ခြင်း။

(၂) နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့တဲ့ တိုင်းပြည်ရယ်လို့ ကမ္ဘာမှာ လက်ညှိုးထိုးပြစရာ တစ်ခုမှမရှိသေးဘဲ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ကူညီမှုကသာ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတွေပျောက်ကွယ်ပြီး ဒီမိုကရေစီနိုင်ငံတွေအဖြစ်သို့ အသွင်ကူးပြောင်းသွားခဲ့ကြတဲ့ ထိုင်း၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားအစရှိတဲ့ တိုင်းပြည်တွေရဲ့ ဘဝဖြစ်စဉ်သင်ခန်းစာတွေကို အလေးအနက်ထား လေ့လာသုံးသပ်ပြီး "ကျားကျားမီးယပ်"ဆိုကာ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု ဆိုတာတွေကို တစ်ဆင့်ထက်တစ်ဆင့် တစ်နေ့တခြား တိုးမြှင့်လုပ်ဆောင်ပေးရန် တောင်းဆိုမှုတွေကို ရပ်ဆိုင်းခြင်း။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်ခံပြီး ဖြစ်နိုင်သမျှ ရရာနေရာမှ ပူးပေါင်းဆောင်ရွက်မှုတွေဖြင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ထောက်ကူခြင်းတို့သာလျှင် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်း ရုပ်ဘဝအနေအထားအရ ဝေဒနာပွမ်းတီးမှုလုံးဝမရှိသော စစ်မှန်တဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးလမ်းစဉ် ဖြစ်ပါတယ်။

အထက်ပါ အခြေခံသဘောထားလမ်းစဉ်နဲ့ နှိုင်းယှဉ်သုံးသပ်လိုက်ပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၁/၀၂/၂၀၀၆ ပြည်ထောင်စုနေ့ ကြေညာချက်ဟာ မြန်မာ့ဒီမိုကရေစီအရေးအတွက် ပျော့ပျောင်းတဲ့ လမ်းစဉ်လား။

၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာလွှဲပေးရေး၊ အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော် မပါရေးနဲ့ စစ်တပ်ကို စစ်တန်းလျားချက်ချင်းပြန်ရေးကို ဥပါယ်တံမျဉ်ဖြင့် ရရှိအောင် ကြိုးပမ်းတဲ့ (ဝါ)ကိုယ့်အဖွဲ့ချုပ် အလိုဆန္ဒပြည့်ဝရေးအတွက် လှည့်စားရာရောက်တဲ့ ကြေညာချက်လားဆိုတာ ဆန်းစစ်သုံးသပ်နိုင်ရန် တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်ရေးပြ အကောင်းဆုံး စစ်ကြောင်းဆုရ ကျန်စစ်သား စစ်ကြောင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားဆုချီးမြှင့်ပွဲတွင် စစ်ရေးပြစံပြပထမဆုရ သံချပ်ကာတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

စစ်ကြောင်း၊ ဗန္ဓုလ စစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူး၊ တပ်ရင်းမှူး၊ တပ်ခွဲမှူး နှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျောင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဗဟိုစစ်တီးဝိုင်းအဖွဲ့နှင့် စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့ ခုနစ်ဖွဲ့နှင့် လေအိတ်ပလွေအဖွဲ့တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြဝတီစစ်ကြောင်း စံပြတတိယဆုရ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စံပြဒုတိယဆုရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စံပြပထမဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်ချီသီချင်း အထူးဆု(၃)ရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ အထူးဆု(၂)ရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ အထူးဆု(၁)ရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း တတိယဆုရ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်တီးဝိုင်းအဖွဲ့ ပထမဆုရ ဗန္ဓုလ စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စစ်တီးဝိုင်းအဖွဲ့ တတိယဆုရ ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ ဒုတိယဆုရ ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့နှင့် ပထမဆုရ ဗန္ဓုလစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့အား လည်းကောင်း၊ အလံကိုင်အဖွဲ့တတိယဆုရ ဗန္ဓုလစစ်ကြောင်းအလံကိုင်အဖွဲ့၊ ဒုတိယဆုရ ဘုရင့်နောင် စစ်ကြောင်းအလံကိုင်အဖွဲ့နှင့် ပထမဆုရ မြဝတီစစ်ကြောင်း အလံကိုင်အဖွဲ့တို့အားလည်းကောင်း၊ စစ်စည်းကမ်း အထူးဆု(၃)ရ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ အထူးဆု(၁)ရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တတိယဆုရ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်းဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းက စစ်ရေးပြအထူးဆု(၃)ရ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၁)ရ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တတိယဆုရ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ တို့အားလည်းကောင်း၊ စစ်ရေးပြ စံပြတတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊စံပြဒုတိယဆုရ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စံပြပထမဆုရသံချပ်ကာတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် အကောင်းဆုံး စစ်ကြောင်းဆုရ ကျန်စစ်သားစစ်ကြောင်းတို့အားလည်းကောင်းဆုများကိုပေးအပ်ချီးမြှင့်သည်။

အလေးပြု

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျောင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၆ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားဆုချီးမြှင့်ပွဲတွင် မြဝတီ စစ်ကြောင်း စံပြပထမဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၃-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
- ၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၇။ အကပြိုင်ပွဲ
- ၁၇:၂၀ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၉။ မြန်မာစာ မြန်မာစကား
- ၁၇:၄၀ ၁၀။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇:၅၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ သုတစုံလင် ရွှေဥဒေါင်းရှင်
- ၁၉:၀၅ ၁၅။ **"ချစ်လွန်းလို့"** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၉:၁၀ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၂၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉:၃၅ ၁၈။ ပြည်သူ့အတွက်တပ်မတော် (လမ်းနှင့်တံတား နိုင်ငံ့အား)
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ ၂၀၀၅ခုနှစ် တေရာသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) **"မင်းကုသဇာတ်တော်ကြီး"** ငြိမ်းချမ်းရွှေပြည် ရုပ်စုံ အမြင့်သဘင်အဖွဲ့ (ရန်ကုန်တိုင်း) [ပထမဆု]
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

● ကျောဖုံးမှ

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး က အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးအောင်မျိုးထက်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကိုလည်းကောင်း၊ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ်ကျော်အေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့်ဆုငွေကိုလည်းကောင်း၊ အကြပ်အဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်ကြီးလှိုင်ဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏အပိုင်း(၂)အမိန့်ကိုလည်းကောင်း၊တပ်သားအဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သားကျော်စိုးအောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူး ရုံး၏ အပိုင်း(၂) အမိန့်ကိုလည်း ကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ပြေအေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့်ဆုငွေကိုလည်းကောင်း၊ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်း လမ်းပြ(၁) အောင်ဇော်ဦးအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် လေကြောင်းလမ်းပြကြီး အဆင့်သို့တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကိုလည်းကောင်း၊ အကြပ်အဆင့်တွင် ပထမရရှိသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်မှ တပ်ခွဲ တပ်ကြပ်ကြီးစိုးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူး ရုံး၏အပိုင်း(၂)အမိန့်ကိုလည်းကောင်း၊ တပ်သားအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားစိုးမြင့်အောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူး ရုံး၏ အပိုင်း(၂)အမိန့်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုငွေချီးမြှင့်

ထို့နောက် စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်က စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မြနန္ဒာဝင်း၊ အရာခံအဆင့်တွင် ဒုတိယရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယအရာခံဗိုလ်ဇော်ဘောက်၊ အကြပ်အဆင့်တွင် ဒုတိယရရှိသော အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်ကြပ်မြင့်အေးနှင့် တပ်သားအဆင့်တွင် ဒုတိယရရှိသော အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်သား ခင်မောင်ဆန်းတို့အား တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်က ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ဒုတိယရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်သိန်းဇော်၊ အရာခံအဆင့်တွင် ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) မှ ဒုတိယအရာခံဗိုလ်စိုးသိန်း၊ အကြပ်အဆင့်တွင် ဒုတိယရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယ တပ်ကြပ်ကံလင်းနှင့် တပ်သားအဆင့်တွင် ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သားအောင်ဇော်ဝင်းတို့အား တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကိုပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ထို့နောက်(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် တတိယ ရရှိသော ကာကွယ်ရေး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

■ ကျောဖုံးမှ

(၆၁)နှစ်မြောက် တပ်မတော်နေ့စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းနှင့် စစ်ကြောင်းမှူးများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဝင်

အဆိုပါပြိုင်ပွဲများတွင် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ အရာရှိအဆင့် ၄၅ဦး၊ အရာခံအဆင့် ၄၅ဦး၊ အကြပ်အဆင့်၄၅ဦးနှင့် တပ်သားအဆင့် ၄၅ဦး စုစုပေါင်းအရာရှိစစ်သည် ၁၈၀တို့ ဖြေဆိုပြိုင်ပွဲဝင်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲ၌ အရာရှိအဆင့်၄၅ဦး၊ အရာခံအဆင့်၄၅ဦး၊ အကြပ်အဆင့်၄၅ဦးနှင့် တပ်သားအဆင့်၄၅ဦး စုစုပေါင်းအရာရှိစစ်သည် ၁၈၀တို့ ပြိုင်ပွဲဝင်ကြသည်။

ကျင်းပခဲ့

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများကို သတ်မှတ်နေရာအသီးသီး၌ မတ်၇ရက်မှ ၁၃ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ပြေအေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့်ဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တပ်သားအဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သားကျော်စိုးအောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂) အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အကြပ်အဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီးလှိုင်ဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂) အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ကျပန်းစကားပြောပြိုင်ပွဲ အကြပ်အဆင့်တွင် ပထမရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ တပ်ခွဲတပ်ကြပ်ကြီးစိုးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ကျပန်းစကားပြောပြိုင်ပွဲ တပ်သားအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားစိုးမြင့်အောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ကျပန်းစကားပြောပြိုင်ပွဲ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁) အောင်ဇော်ဦးအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ဒိုင်းဆု၊ဆုငွေနှင့် လေကြောင်းလမ်းပြကြီးအဆင့်သို့တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြား ရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆-၃-၂၀၀၆ရက်ထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈-၃-၂၀၀၆ရက်မှ ၂၆-၃-၂၀၀၆ရက်အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

(က) ကြက်သေဆုံး/ဖျက်ဆီးမှု

ကြက်များစတင်သေဆုံးကာလမှ၂၆-၃-၂၀၀၆ရက်အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေ အတွင်းရှိ ကြက်ခြံ(၉၃)ခြံ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင်(ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှု ကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ၉၉ခြံ၌ မွေးမြူထားရှိသည့် ကြက်၁၁၉၁၉ကောင်အနက်၂၀၆၀ကောင်သေဆုံးပြီး၉၆၁၅၉ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက်၈၇၉၁ကောင်သေဆုံးပြီး၁၂၀၉၉၅ကောင်နှင့် ကြက်ဥ ၅၆၀လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ (၄၄)ခြံမှငုံး၁၁၅၆၅၀ကောင်၊ ငုံးဥ၅၀၅၁၅လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁နှင့် ငုံးဥ၅၀၅၁၅လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ဂ) **ကြက်တုပ်ကွေးဗိုင်းရပ်စ်နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု**

ကနဦးကြက်သေဆုံးမှု သတင်းရရှိသည့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေး ခြံ၄၇ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ခုရယူ၍ ချက်ချင်းအဖြေရစမ်းသပ်စစ်ဆေးနည်း(Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း(HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း(HI) နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ၃၅ခြံ၏ နမူနာ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါပိုင်းရပ်စ်ပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း။** ။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာဒေသ အာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီး ဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်/မြို့နယ်/ရပ်ကွက် အာဏာပိုင်များ၊ သက်ဆိုင်သည့်မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြား ပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရကြက်ငှက်တုပ်ကွေး ရောဂါပိုးတွေ့ရှိသောခြံမှ တစ်ကီလိုမီတာ ပတ်ပတ်လည်အတွင်း မွေးမြူထားသည့် ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention)အတွက် ကြက်များကို ဖျက်ဆီးခြင်းပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀လုံးတို့ကို စနစ်တကျဖျက်ဆီး ခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ သုံးကီလိုမီတာနှင့် ခုနစ်ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ်သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ သယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့် အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှု လျော့ကျပြီး ရောဂါပျံ့နှံ့မှု ထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီ ဖြစ်ပါသည်။

၃။ **၂၆-၃-၂၀၀၆ရက်အထိ နောက်ဆုံးအခြေအနေ။** ရွှေဘို၊ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ် တစ်ခုလုံးအနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီ ဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးအဖွဲ့(FAO)ဒေသညှိနှိုင်းရေးမှူး Dr. K.Wantaneeနှင့် အမေရိကန်နိုင်ငံ USAIDမှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthurတို့သည် ၁၆-၃-၂၀၀၆ရက်မှ ၁၈-၃-၂၀၀၆ရက်အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက် တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံဂျီလောင်းမြို့ဒေသ ကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါ စစ်ဆေးရေး ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ (FAO, JICAနှင့် ဩစတြေးလျနိုင်ငံ၊ ဂျီလောင်းမြို့ ဒေသကိုးကား ဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ် လုပ်ငန်းသုံးပစ္စည်းများ အမေရိကန် ဒေါ်လာတစ်သိန်းတန်ဖိုးခန့်လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန (DLD)တို့မှ ကြက်တုပ်ကွေးရောဂါထိန်းချုပ်ရေး ကျွမ်းကျင်ပညာရှင်သုံးဦးတို့သည် FAOဒေသ ညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈-၃-၂၀၀၆ရက်မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသ များသို့ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည် ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူရောင်းဝယ်ရေး လုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ ။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

မန္တလေး နားမကြားသောကလေးများကျောင်းသို့ မော်တော်ယာဉ်တစ်စီးလှူ စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းစုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူမင်္ဂလာကျင်းပ

ရန်ကုန် မတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မတ် ၂၄ရက်က မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးပြုစုပေးဌာနသို့ရောက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ကလေးငယ်များအား ကစားစရာနှင့် စားစရာများကိုပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ သွားရောက်၍ ကလေးကစားကွင်း ဆောက်လုပ်မည့် အစီအစဉ်ကို ကြည့်ရှုပြီး အဝတ်အထည်များကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် မသန်မစွမ်း အမျိုးသမီးငယ်တစ်ဦးအား သီးခြားတွေ့ဆုံ၍ လက်ဆောင်များကိုပေးအပ်ပြီး အမျိုးသမီးကလေးများ၏ အနုပညာလေ့ကျင့်ပြသမှုကို ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးသောင်ဇင် လိုက်ပါလျက် ဇီးပင်ကြီး မူလတန်းကြိုကျောင်းသို့ရောက်ရှိ၍ ကလေးသူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကစားစရာနှင့် စားစရာမုန့်များကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းက သင်ကြားပေးလျက်ရှိသော အပ်ချုပ်ပညာသင်တန်းနှင့်အချက်အပြုတ် ပညာသင်တန်းပို့ချမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦး လွင် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း ပျိုးထောင်ထားရှိသော ခြံစည်းရိုးကြက်ဆူပင် ၈၇၅၀၏ အပင် ၆၅၀၀၀၏ အခြေအနေ၊ ဆေးတပ်စုသင်တန်း(၆/၂၀၀၆)မှ သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှု စစ်ဆေးပြီး သင်တန်းသား သင်တန်း သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကျောင်း အတွင်းရှိ မီးသတ်ပစ္စည်းကိရိယာပြခန်းများ၊ ကွန်ပျူတာသင်တန်း၊ စာကြည့်တိုက်၊ ပရဆေးပြခန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်း ခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး စုဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် သင်တန်းတာဝန်ခံများအား တွေ့ဆုံမှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျောင်းဝင်းအတွင်း စိုက်ပျိုးထားရှိမှုနှင့် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဂျပန်နိုင်ငံ Kyoshin Co., Ltd. က မန္တလေး နားမကြားသော ကလေးများကျောင်းသို့ မော်တော်ယာဉ်တစ်စီး လှူဒါန်းပွဲကို မတ်၂၅ရက်တွင် ယင်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီး အလှူရှင် မစ္စတာဆာဒါကီတာ ချိကီက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဝန်ကြီးထံလွှဲအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များသည် နားမကြားသော ကလေးများ၏ ကွန်ပျူတာ သင်ကြားမှု၊ ဓာတိုးပန်းထိုးနှင့် သိုးမွေးထိုးလုပ်ငန်း သင်ကြားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

စုပေါင်းရဟန်းခံရှင်ပြု

စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူမင်္ဂလာပွဲကို မတ်၂၆ရက်တွင် ယင်းကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

အနောက် မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေး၊ အလှူရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိသတ်တို့က ဆင်များ ရှင်ရိပ်သာကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ရဟန်းခံ၊ရှင်ပြု၊သီလ ရှင်ဝတ်ပွဲ နှင့် စပ်လျဉ်းသည်များကို တိုင်း လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က လျှောက်ထားတင်ပြပြီး တိုင်းမှူးနှင့် ဇနီး၊ ဝန်ကြီးနှင့်ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး၏ လှူဒါန်းငွေကျပ်သုံးသိန်း၊ အဝတ်အထည်၆၅စုံ၊ တိုင်းအဆင့်ဌာန ဆိုင်ရာများ၏ လှူဒါန်းငွေကျပ်တစ်သိန်းရှစ်သောင်း တို့ကို ဝန်ကြီးထံ ပေးအပ်လှူဒါန်းပြီး ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဥတ္တရထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားတော်နာယူကြသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ကြီး လုံးပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၂ ရက်က ဘုရားကြီးအာရုံခံတန်ဆောင်း၌ကျင်းပရာ ဘုရားကြီးဂေါပက အဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသကို အမှူးထား၍ ကမာရွတ်မြို့နယ် မြန်မာ့ သဘော်ကျင်းဝန်ထမ်းအိမ်ရာနေ မြန်မာ့သဘော်ကျင်း အင်ဂျင်နီယာချုပ် ဦးကျော်ညွန့်– ဒေါ်ယုယုလှိုင် မိသားစုက မတည်ငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၆)

သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း ဝိပဿနာ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၂၈

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၂၁)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန(သာသနဓဇဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသော ယောဂီများသည် ဧပြီ ၁၀ရက် ညနေ ၆နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုးကျစေသည်။
၂။ နှလုံးရောဂါကိုကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။
၄။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများသန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှအဆီကျစေသည်။
၈။ သွေးအတွင်းမှသကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစု တစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသာအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၆

(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ အပိုင်း(၁)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Myanmar Video Rhythm
၈း၀၀	ပြည်တွင်း သတင်းအကျဉ်း
၈း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မိခင်လောင်းများအတွက် အာဟာရ
၈း၄၅	တေးသီချင်းသံစဉ်ဖန်တီးရှင် (အရိုး)
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ခွာနာလျှာနာရောဂါ ကာကွယ်ပေးပါ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	လယ်ယာထွန်စက်
၉း၄၅	ပြည်တွင်း သတင်းအကျဉ်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ပန်းပုပလတ်စတာ
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	ရောင်ပြန်ဟပ်ခြင်း (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၀း၅၅	ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံစိုက်ပျိုးနည်း
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ဆူးလေစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးလုပ်ငန်း
၁၁း၃၀	မေတ္တာနေရောင်ခြည်အောက် မှ ကရုဏာပန်းကလေးများ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ဆရာအတတ်ပညာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ
၁၁း၅၅	မန်းချောင်းတံတား
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	Inter Milian -Villarreal Lyon -AC Milan	5-Sports (Live) 5-Cartoons (Live)

ကျောက်မြောင်း စိတ္တသုခလမ်း ဓမ္မပူဇာတရားပွဲ

ရန်ကုန် မတ် ၂၈

တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ်(စံပြ)ရပ်ကွက် စိတ္တသုခလမ်းတွင် ဝါတွင်း၊ ဝါပ အင်္ဂါပတ် ဆွမ်းလောင်းအသင်းကြီး၏ သုံးနှစ်ပြည့် ဆွမ်းအောင်ပွဲအထိမ်းအမှတ်အဖြစ် မတ်၃၁ရက်တွင် တိပိဋကဓရ အရှင်သုန္ဒရ (စွန်းလွန်း)၊ ဧပြီ၁ရက်တွင် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၊ ၂ရက်တွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း-ရွှေဟင်္သာ)တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။ **(၃၅၂)**

စာမျက်နှာ ၉ မှ

ဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်ကြီးမိုးကျော်ကျော်၊ အရာခံအဆင့်တွင် တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ် စိုးမြင့်အောင်၊ အကြပ်အဆင့်တွင် တတိယရရှိသော အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်ကြပ်ထွန်းနိုင်နှင့် တပ်သားအဆင့်တွင် တတိယရရှိသော တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်သားအောင်မင်းထွန်းတို့အား တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့်က ကျပန်းစကားပြော ပြိုင်ပွဲ အရာရှိအဆင့်တွင် တတိယရရှိသော ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ အရာခံအဆင့်တွင် တတိယရရှိသော အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်စိုးမြင့်၊ အကြပ်အဆင့်တွင် တတိယရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ တပ်ကြပ်အောင်ညွှန့်နှင့် တပ်သားအဆင့်တွင် တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သားဇော်မင်းထွန်းတို့အား တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ်ကျော်အေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စက်မှု(၂)ဝန်ကြီး ဗိုလ်ချုပ်စောလွင် တရုတ်နိုင်ငံ့ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery Import& Export Corporation မှ Project Manager, Ms. Cheng Aimei ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ်၂၅ရက် မွန်းလွဲ ၁နာရီတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရ စက်မှုနယ်မြေရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် China National Machinery Import & Export Corporation တို့ အကျိုးတူပူးပေါင်း၍ သာဂရစက်မှုနယ်မြေ၌ ရေအားလျှပ်စစ် တာဘိုင်နှင့် လျှပ်စစ်ဂျင်နရေတာစက်ရုံ တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံရာသို့ အမှတ်(၂)စက်မှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်က ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ဒုတိယရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်သိန်းဇော်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်က ကျပန်းစကားပြောပြိုင်ပွဲ အကြပ်အဆင့်တွင် ဒုတိယရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ်ကံလင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်က စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မြနန္ဒာဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့်ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့်က ကျပန်းစကားပြောပြိုင်ပွဲ အကြပ်အဆင့်တွင် တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်ကြပ်အောင်ညွန့်အား တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့်ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အကြပ်အဆင့်တွင် တတိယရရှိသော အမှတ်(၆၆)ခြေမြန်တပ်မ ဌာနချုပ်မှ ဒုတိယတပ်ကြပ်ထွန်းနိုင်အား တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့်ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် မတ် ၂၈

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ သာသနာပြုဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဧပြီ၁ရက်တွင် ကွမ်းခြံကုန်းမြို့နယ် မယ်ဇလီဝရွာ ကျောင်းရေစက်ချနှင့် မလွန်ဆန်လှူဓမ္မသဘင်၊ ၂ရက်နံနက်၉နာရီတွင် သဃ်န်းကျွန်းမြို့နယ် မေဃဝတီကျောင်းတိုက် ဆရာတော်ကြီး နှစ်ပတ်လည်ပွဲဓမ္မသဘင်၊ ညရှနာရီတွင် မင်္ဂလာဒုံမြို့နယ် ၂/ခ သပြေလမ်း ဆွမ်းသိမ်းပွဲနှင့် မလွန်ဆန်လှူဝါပဓမ္မသဘင်၊ ၃ရက်နှင့် ၄ရက်တို့တွင် ဒေးဒရဲမြို့နယ် ကျုံဒါးရွာ၊ ၅ရက်နှင့် ၆ရက်တို့တွင် ဒေးဒရဲမြို့နယ် သောင်တန်းရွာ ဓမ္မသဘင်၊ ၇ရက် ညရှနာရီနှင့် ၈ရက် ညနေ၆နာရီ ဆည်းဆာတွင် သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် မာဃဆွမ်းလောင်းဓမ္မာရုံ ဓမ္မသဘင်၊ ၈ရက်ညရှနာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သမိုင်းအောင်သိဒ္ဓိ ပါဠိကျောင်းတိုက် ရဟန်းအမ ဒေါ်စန်းစန်းမြိုင် မွေးနေ့ပွဲဓမ္မသဘင်၊ ၉ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ကမာကလွန်ကျေးရွာ ဦးပေါ်ဦးဘုရား မလွန်ဆန်လှူဓမ္မသဘင်၊ ၁၀ရက်တွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် အောင်သစ္စာလမ်း မြသိဒ္ဓိကျောင်းတိုက် သာသနဟိတသိမ် ရေစက်ချပွဲဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။ တရားပွဲရက်ရရှိပြီးသူများသည် ဒေါ်ညို အမှတ်၂၇/က အနောက် အောင်မေတ္တာလမ်းသွယ်(၁) အောင်သစ္စာလမ်းမ ကုလားကျောင်းမှတ်တိုင် သမိုင်းလမ်းဆုံအနီး မရမ်းကုန်း ရန်ကုန် ဖုန်း-၀၁-၇၀၈၄၀၃သို့ ဆက်သွယ်ပင့်ဆောင်ကြရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်း ကွာတားတက်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သစ်တောရေးရာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဂိုးကံခေ

ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် သစ်တောရေးရာအသင်းကို အမှတ်ပေးပြိုင်ပွဲက ရှုံးကြွေးပြန်ဆပ်ပြီး ကွာတားဖိုင်နယ်သို့တက်ရောက်သွားခြင်းဖြစ်သည်။ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းသည် ယနေ့ပွဲစဉ်တွင် ပွဲချိန်တစ်လျှောက်လုံးခြေစွမ်းပြကစားနိုင်ခဲ့ရာ အဆုံးသတ် ပိုင်နိုင်ပါက ဂိုးပြတ်အနိုင်ရမည့်အနေအထားပင်ဖြစ်သည်။ စန်းမောင်နှင့် မောင်မောင်အောင်တို့၏ ကန်သွင်းမှုများမှာ ဂိုးပေါက်နှင့်ကပ်လွဲသွားခြင်း၊ ဂိုးတိုင်ထိထွက်သွားခြင်းတို့ကြောင့် ဂိုးကံခေသည်ဟု ဆိုရပေမည်။

ဂိုးသွင်းယူ

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း မိနစ် ၃၀ တွင် စန်းမောင်က သွင်းယူပေးသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ လျှပ်စစ်စွမ်းအားအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ဧပြီ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မတ် ၂၉ ရက် **(ယနေ့)** ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် လျှပ်စစ်စွမ်းအားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

သံကုန်းမိုးကုတ်ရိပ်သာ အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၄၁၆)၏ သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပဓာန နာယက မိတ္ထီလာဆရာတော်ဘဒ္ဒန္တ ပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ လူဦးရေ ကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အငယ်တန်း စနူကာပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာနှင့် Pelican Co.,Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသော အငယ်တန်း စနူကာပြိုင်ပွဲ (Snooker Junior 2006)ပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကို မတ်၂၈ရက် နံနက်၁၀ နာရီက လမ်းမတော်ဘိလိယက်နှင့် စနူကာစင်တာ(သံဈေး)တတိယထပ်၌ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အမှုဆောင်များ၊ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာနှင့် Pelican Co.,Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်နိုင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဘိလိယက်ထိုး၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပထမနေ့ပွဲစဉ် များကို နံနက်၁၁နာရီမှစတင်၍ ယှဉ်ပြိုင်ကစားကြသည်။

(မြန်မာ့အလင်း)

သင်္ကြန်တွင်း တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စဘူးတောင်းကွက်သစ်ကျေးရွာ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၃၂၂) ကုသလာရာမ ချမ်းမြေ့အေးကျောင်းတိုက်၏ သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆရာတော် အရှင်ကုသလက ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်များကို ဟောကြားပြသပို့ချမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ ဧပြီ ၉ ရက် ညနေ ၅ နာရီအရောက် လာရောက်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ အင်တာမီလန်-ဗီလာရီးရဲ၊ လီယွန်-အေစီမီလန်တို့ ယနေ့ကစားမည်

မြင့်မောင်စိုး

လန်ဒန် မတ် ၂၈

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများကို မတ် ၂၈ရက်မှစပြီး ယှဉ်ပြိုင်ကစားလျက်ရှိသည်။

နောက်ဆုံး ရှစ်သင်းတက်လာသော အသင်းများမှာ အင်္ဂလန်မှ အာဆင်နယ်၊ အီတလီမှ ဂျူဗင်းတပ်စ်၊ ပေါ်တူဂီမှ ဘင်ဖီကာ၊ စပိန်မှ ဘာစီလိုနာ၊ အီတလီမှ အင်တာမီလန်၊ စပိန်မှ ဗီလာရီးရဲ၊ ပြင်သစ်မှ လီယွန်နှင့် အီတလီမှ အေစီမီလန်အသင်းတို့ဖြစ်သည်။ တားဖိုင်နယ်ပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာမီလန်

အင်တာမီလန် အသင်းသည် အေဂျက်ဇ်အသင်းကိုနိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်လာခဲ့သည့် အသင်းဖြစ်သည်။ ၎င်းအသင်းသည် ၁၉၆၄

ဘောယန်မြူးနစ်ကို အနိုင်ရပြီး အောင်ပွဲခံနေသော အေစီမီလန်အသင်းမှ ရှက်ဗ်ချင်ကို (ယာ)**နှင့် ကစားဖော် ဖိလစ်ပိုအင်ဇာဂီတို့အား တွေ့ရစဉ်။** (အင်တာနက်)

အာဆင်နယ်နှင့် ဂျူဗင်းတပ်စ်၊ ဘင်ဖီကာနှင့် ဘာစီလိုနာအသင်းတို့သည် မတ် ၂၈ရက်က ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ယနေ့တွင် အင်တာမီလန်နှင့် ဗီလာရီးရဲ၊ လီယွန်နှင့် အေစီမီလန်အသင်းတို့သည် ပထမအကျော့ ကွာ ခုနှစ်နှင့် ၁၉၆၅ခုနှစ်က ဥရောပချန်ပီယံဖလားကို နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ဖူးသည့် အသင်းဖြစ်သည်။

အင်တာမီလန်တိုက်စစ်မှူး အက်ဒရီယာနိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အင်တာမီလန် အသင်းအတွက် ငါးဂိုး သွင်းပေးထားသူဖြစ်သည်။

ဗီလာရီးရဲအသင်းအတွက်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးအများဆုံး သွင်းထားသူမှာ ဖော်လန်ဖြစ်သည်။ ဗီလာရီးရဲ အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်လာပြီး ပထမဆုံးအကြိမ် ဖလားမျှော်မှန်းခွင့် ရှိလာသည့် အသင်းဖြစ်လာသည်။

မတ် ၂၉ရက်**(ယနေ့)**တွင် လီယွန်အသင်းနှင့် အေစီမီလန်အသင်းတို့လည်း စတိတ်ဒီဂါလင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ပြင်သစ်ချန်ပီယံ လီယွန်အသင်းသည် ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းကို ဂိုးပြတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လာသည့် အသင်းကောင်း တစ်သင်းဖြစ်သည်။

အလားအလာကောင်း

လီယွန်အသင်းသည် ချန်ပီယံလိဂ် ဖလားတစ်ကြိမ်မျှ ဗိုလ်မစွဲခဲ့သေးသော်လည်း အလားအလာကောင်းသည့် အသင်းဖြစ်သည်။

ရှက်ဗ်ချင်ကို

အီတလီနာမည်ကြီး အေစီမီလန်အသင်းသည် ယမန်နှစ်က လီဗာပူးအသင်းကို ဗိုလ်လုပွဲတွင် ပယ်နယ်တီဖြင့် အရှုံးပေးလိုက်ရသည့် အသင်းဖြစ်သည်။ အေစီမီလန် တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှစ်ဂိုးသွင်းပေးထားသည့် တိုက်စစ်မှူးကောင်း တစ်ယောက်ဖြစ်သည်။ ရှက်ဗ်ချင်ကို၏ ဂိုးများဖြင့် အေစီမီလန်အသင်းကို ဗိုလ်လုပွဲသို့ အရောက်ပို့ပေးဖွယ်ရှိသည်။

(အင်တာနက်)

နာမည်ကြီး မာရီယာရှာရာပိုဗာ ယခုနှစ်အတွက် ပထမဆုံးဖလား ဆွတ်ခူးရရှိ

အင်ဒီးယန်းဝဲလ် မတ် ၂၈

ရုရှားနာမည်ကြီး တင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာသည် ပစိဖိတ်လိုက်ဖ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အီလီနာဒီမင်တီဗာအား အနိုင်ရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အသက်၁၈နှစ်အရွယ်သာရှိသေးသည့် မာရီယာရှာရာပိုဗာသည် တစ်နိုင်ငံတည်းသူ ဒီမင်တီဗာအား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိပြီး ပစိဖိတ်လိုက်ဖ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖလားသည် ရှာရာပိုဗာ အတွက် ယခုနှစ်တွင် ပထမဆုံး ဆွတ်ခူးနိုင်သည့် ဖလားဖြစ်သည်။ သူမ၏ အားကစားသမား သက်တမ်းတစ်လျှောက် ယင်းဖလားသည် ၁၁လုံး မြောက်ဆွတ်ခူးနိုင်သည့် ဖလားဖြစ်သည်။

ကမ္ဘာ့အဆင့် သက်မှတ်ချက် အဆင့်၄ရှိသော ရှာရာပိုဗာသည် ၂၀၀၄ ခုနှစ်က ဝင်ဘယ်ဒန်ချန်ပီယံဖြစ်လာပြီးနောက် တင်းနစ်လောကတွင် နာမည်ကျော်ကြားလာခဲ့သည်။

အဆိုပါ ပစိဖိတ်လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁)ရော်ဂျာဖက်ဒါရာက အမေရိကန်မှ ဂျိမ်းစ်ဘလိတ်ကိုနိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ **(အင်တာနက်)**

ပစိဖိတ်လိုက်ဖ် အိုးပင်းတင်းနစ် အားကစားပြိုင်ပွဲတွင် မာရီယာရှာရာပိုဗာ၏ ယှဉ်ပြိုင်ကစားဟန်။

(ဓာတ်ပုံ-အေပီ)



တော့တင်ဟမ်က ဝက်စ်ဘရွမ်းကိုနိုင် စတုတ္ထနေရာ ဆက်ထိန်းထားနိုင်

လန်ဒန် မတ် ၂၈

ပရီမီယာရှစ်ပွဲစဉ် (၃၁)လက်ကျန်ပွဲအဖြစ် တော့တင်ဟမ်အသင်းနှင့် ဝက်စ်ဘရွမ်းအသင်းတို့သည် မတ် ၂၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ တော့တင်ဟမ်အသင်းက ဝက်စ်ဘရွမ်းအသင်းကို ရော်ဘီကိန်း၏ ပယ်နယ်တီဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဦးဆောင်

သို့ရာတွင် ဝက်စ်ဘရွမ်း ကစားသမား ကားတစ်ဒေးဗီးစ်က ပွဲချိန် ၂၁မိနစ်တွင် ဝက်စ်ဘရွမ်းအသင်းအတွက် ဖွေဆော်ဦးဂိုး သွင်းယူလိုက်သဖြင့် ဝက်စ်ဘရွမ်း အသင်းက ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။

ချေပဂိုး

စပါးအသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အား ပြန်ကောင်းလာပြီး ပွဲချိန် ၆၈မိနစ်တွင် ရော်ဘီကိန်းက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

နှစ်သင်းစလုံး အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားရာ ရော်ဘီကိန်းက ပွဲပြီးရန် တစ်မိနစ်အလိုတွင် ပယ်နယ်တီမှတစ်ဆင့် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

စပါးအသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲအမှတ်ပေးဇယားတွင် ဘလက်ဘန်းထက် သုံးမှတ်အသာရပြီး စတုတ္ထနေရာတွင် ရောက်ရှိလာသည်။

ယခုသီတင်းပတ်တွင် ပရီမီယာရှစ် နာမည်ကြီးအသင်းများ ဖြစ်ကြသည့် ချယ်လ်ဆီး၊ မန်ချက်စတာယူနိုက်တက်၊ လီဗာပူးတို့ အသီးသီး အနိုင်ရရှိပြီး ယင်းတို့၏ နေရာများကို ဆက်လက်ထိန်းထားနိုင်ကြသည်။

(အင်တာနက်)

တော့တင်ဟမ် အသင်းနှင့် ဝက်စ်ဘရွမ်း အသင်းတို့ ယှဉ်ပြိုင်ရာတွင် တော့တင်ဟမ်မှဂျာမိန်းဒီဖိုး(ယာ) **ဝက်စ်ဘရွမ်း နောက်တန်း ကစားသမားတစ်ဦး၏ ခေါင်းကို ကျော်လျက် ဘောလုံးကန်ယူစဉ်။**

(အင်တာနက်)



ပြည်မြို့နယ်ခေတ္တရာမြို့သစ်၌ ကတ္တရာနှင့် ကျောက်ချောလမ်းသစ်ဖွင့်

ပြည် မတ် ၂၈

ပြည်မြို့နယ် ခေတ္တရာမြို့သစ်ရှိ ရွှေတံခါး (၂)လမ်း ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ရက်က အဆိုပါမုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တာဝန်ရှိသူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ လက်ထောက် အင်ဂျင်နီယာ ဒေါ်ဇင်မာလှိုင်တို့က ပေးအပ်ကြသည်။

ဖဲကြိုးဖြတ်

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်တို့က လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်များနှင့်အတူ လမ်းတစ်လျှောက် ကြည့်ရှုကြသည်။

ချောမွေ့စွာ

အဆိုပါလမ်းသစ် ကတ္တရာလမ်းအရှည် ၂၈၁၁ပေ၊ အကျယ် ၁၄ ပေရှိပြီး ကျောက်ချောလမ်း အရှည်ပေ ၉၆၀၊ အကျယ် ၁၂ ပေ ရှိ၍ မော်ဇာအုပ်စု၊ မှုတ်ရှည်အုပ်စု၊ အောင်မြရ်ဗာဟုတို့မှ ပြည်သူများ ပြည်မြို့သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘားအံ အထက(၄) ကျောင်းသား ကျောင်းသူများ စုပေါင်းဒုလ္လဘ၊ ရှင်ပြုနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ဘားအံ မတ် ၂၂

ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ် စုပေါင်းဒုလ္လဘ၊ ရှင်ပြုနှင့်သီလရှင်ဝတ်ပွဲကို မတ် ၁၂ရက်က ဘားအံမြို့ သီရိမင်္ဂလာစာသင်တိုက်နှင့် သီရိစာမေးပွဲဖြေဆိုပြီးသော ကျောင်းသား ကျောင်းသူ ၄၃ဦးတို့က ရှင်သာမဏေနှင့် သီလရှင်ဝတ်ကြပြီး **(အပေါ်ပုံ)** ကျောင်းပိတ်ရက်များအတွင်း ဗုဒ္ဓဘာသာအခြေခံပရိယတ္တိစာပေများ လေ့လာသင်ကြားကြမည် ဖြစ်သည်။

ယင်းရှင်ပြုနှင့်သီလရှင်ဝတ်ပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများစုံညီစွာတက်ရောက်ကြပြီး သက်သတ်လွတ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချ အမျှပေးဝေကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မောင်တောမြို့နယ် စည် ပင် သာယာရေးအဖွဲ့က မောင်တော မြောက် ပိုင်း မောင် တော – ကျီးကန်းပြင် လမ်းပေါ်ရှိ သံ ကူ ကွန် က ရစ် တံတားအဖြစ် တည်ဆောက်မည့် တံတားအမှတ်(၅)ကို ဖေဖော်ဝါ ရီ ၁၇ ရက် က ပြည် နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့ ညွှန် ကြား ရေး မှူး ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြေနီကုန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့ (၅)ရပ်ကွက် ဇီဝကလမ်းပေါ်ရှိ လူနေတိုက်ခန်းများနှင့် ဆိုင်ခန်းများတွင် ပုဂ္ဂလိကအိမ်သွယ်ရေတိုင် ဆက်သွယ်ခြင်းလုပ်ငန်းနှင့် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းကို မတ် ၆ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြော

ဟိုမိန်း မတ် ၂၅

လင်းခေးခရိုင် ဟိုမိန်းမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါပညာပေးဟောပြောပွဲကို မတ်၁၈ရက်က ဟိုမိန်းမြို့ ပန်းခြံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းနှင့် မြို့နယ် ခွဲစိတ်ဆရာဝန် ဒေါက်တာ စိုင်းစိုးဟိန်းတို့က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်တို့က ဆေးရုံနှင့် ပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝမ်ဟတ်ကျေးရွာမှ ဦးစိုင်းထိုနှင့် ဦးစိုင်းညိုတို့၏ ကြံစိုက်ခင်းများနှင့် ကြံသကာဖိုများ၊ ကျေးရွာကြက်ဆူစိုက်ခင်း၊ ပျိုးဥယျာဉ်နှင့် တိုက်နယ်ဆေးရုံ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မှျားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၃၀-၃-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်တွင်းဖြစ် ကော်ဖီမှုန့် ထုတ်လုပ်မှုအကြောင်း၊အပိုင်း–၂)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အချမ်းသာဆုံးလူသားနှင့် စာရေးသူစိတ်ကြိုက် ဆောင်းပါးများ (ဒေါက်တာ ခင်မောင်ညို)
(၂) ဆပ်ပြာပူပေါင်းကလေးများနှင့် အတွေးသစ်ဆောင်းပါးများ (ထက်ခေါင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (မေ့ဆေး၊ ထုံဆေး ဘေးကင်းရေး– မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးခူစင်းကောနှင့် သနပ်သုပ်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဖုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ညိုမီ၏ကြည့်မှန်လေး တစ်ချပ်ပါညိုမီ)
၂၀း၃၀ မေတ္တာလက်ဆောင်ရသကြိန်တေးစီးရီး (ပုလဲတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် လန်းသွားတယ် စီးရီး)

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လွှတ်လပ်ရေးပန်းခြံ အတွင်းရှိ ခြံစည်းရိုး ကြက်ဆူပင် ပျိုးဥယျာဉ်၌ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးနိုင်ရန် ပျိုးပင်အိတ်များထည့်ခြင်း၊ မျိုးစေ့များ စိုက်ပျိုးခြင်း လုပ်ငန်းကို မတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပြည်နယ်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း

တောင်ကြီး မတ် ၁၄

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ရပ်စောက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၉ရက် နံနက်ဂနာရီခွဲက ရပ်စောက်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ငွေက မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့ပေါ်ရပ်ကွက်အသင်းခွဲ ခုနစ်ခုမှ လုပ်ငန်းဆောင်ရွက်နေမှုများကို မေးမြန်း၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားပေးပြီး အသင်းခွဲများအတွက် ပညာပေးလက်ကမ်းစာစောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်နာယကနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုရှိ ပင်ဖြစ်စံပြကျေးရွာ စာသင်ကျောင်းခန်းမ၌ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေသခံ တိုင်းရင်းသူများနှင့် တွေ့ဆုံပွဲ စကားဝိုင်းသို့ တက်ရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြောကြားသည်။

စကားဝိုင်းဖွဲ့ဆွေးနွေး

ထို့နောက် ပင်ဖြစ်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ အတွက် ကျန်းမာရေးပညာပေး လက်ကမ်း စာစောင်များကို ပြည်နယ် နာယကက ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ဆွေးနွေးကြကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

ရပ်စောက်-လွယ်ဆင်ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်လှစ်

ရပ်စောက် မတ် ၁

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းတံတားလုပ်ငန်းမှ ရပ်စောက်-လွယ်ဆင် ကျေးလက်ကျောက်ချောလမ်းသစ် အပိုင်း(၃) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းက လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းသစ်ကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(နယ်စပ်/စည်ပင်)

ဆန်အိတ်များလှူဒါန်း

ဖေဖော်ဝါရီ ၁၂ရက်က **ကော့သောင်းမြို့ မဥ္ဇူသကခန်းမတွင် မီးဘေးသင့် ဈေးသူဈေးသားများသို့ ဆန်အိတ် ထောက်ပံ့လှူဒါန်းပွဲ ကျင်းပရာ တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းအောင်က မီးဘေးကယ်ဆယ်မှုတွင် ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များအား ဆန်အိတ်များ ပေးအပ်လှူဒါန်းစဉ်။**

(ခရိုင် ပြန်/ဆက်)

ဖျာပုံမြို့နယ် စည်ပင် သာယာရေး အဖွဲ့ပိုင်ဈေး ကြီး ၌ မြို့နယ် အေးချမ်း သာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ မြို့နယ် စည်ပင် သာယာ ရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသက်ပိုင် နှင့် အ ဖွဲ့ ဝင် များ

မတ်၂၀ရက်က အသားရောင်းချသောဆိုင်များ ကူးစက်ရောဂါမဖြစ်ပွားရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသားများ ရောင်းချရေး ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၅၈)

ဒိုက်ဦး၌ တိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း

ဒိုက်ဦး မတ် ၁၀

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်လှ၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် အမှုဆောင်များ ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာ ဥက္ကဋ္ဌထံ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျောင်းဆောင်သစ် ပန္နက်တင်အုတ်မြစ်စီပွဲ တန့်ဆည်၌ကျင်းပ

တန့်ဆည် မတ် ၉

ရန်ကုန်မြို့နေ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ(သပြေညိုအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် ပန္နက်တင်အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်က သစ္စေးကုန်းကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အုတ်မြစ်စီ

အခမ်းအနားတွင် ဆောက်လုပ်ရေး ကော်မတီဝင် ဦးအောင်မင်းက မင်္ဂလာဘိသိက်သွန်းလောင်းပြီး မြို့နယ်ပညာရေးမှူး ဦးကံသိန်း၊ တန့်ဆည် အထကကျောင်းအုပ် ဆရာကြီး ဦးသန်းဆွေ၊ သစ္စေးကုန်းအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းပိုင်၊ ကျောင်းအုပ် ဆရာကြီး ဦးအိမ်ကြီးမောင်နှင့် ဦးချစ်ဋ္ဌေးတို့က ပတ္တမြားအုတ်၊ နီလာအုတ်၊ မြအုတ်၊ ရွှေအုတ်နှင့် ငွေအုတ်များ စီပေးကြသည်။ **(အောက်ပုံ)**

အဆိုပါဆောက်လုပ်မည့် ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၅၀၊ အနံ ပေ ၃၀ ရှိ ၁၅ခန်းပါ တစ်ထပ်၊ သွပ်မိုးအမျိုးအစားကျောင်းဆောင်ဖြစ်ပြီး ငွေကျပ် သိန်း ၂၀၀ ကျော်ခန့်ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်ရေတွင်းတူးဖော်

စစ်ကိုင်း မတ် ၁၅

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် မတ် ၁၀ရက်က မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အလှူရှင် စက်ရေတွင်းတူးဖော်ဆောင်ရွက်သော ထိန်ကံကျေးရွာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ထိန်ကံကျေးရွာစက်ရေတွင်းမှာ အနက်ပေ ၇၀၀၊ ရေထွက်နှုန်း တစ်နာရီရေဂါလန် ၂၀၀၀ ထွက်ပြီး အလှူရှင်လှူဒါန်းငွေကျပ် ၁၈ဒသမ ၈သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု မုံရွာမြို့၌ ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကျင်းပ

မုံရွာ မတ် ၃

စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် န၀မအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉ နာရီက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးစိတ်၊ မူးယစ်အဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက န၀မအကြိမ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းလှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသည့် ယင်လုံအိမ်သာဆောက်လုပ်မှုပုံစံငယ်များနှင့် တိုင်းအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ **(တိုင်း ပြန်/ဆက်)**

ပေါ်တော်မူစေတီတော် ထီးတော်သစ်တင်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက် ပေါ်တော်မူကျောင်းတိုက်အတွင်းရှိ ပေါ်တော်မူစေတီတော်မြတ်ကြီးမှာ သက္ကရာဇ် ၈၃၅ခုနှစ်မှစ၍ ပုဂံ ပုပ္ပား စောရဟန်းမင်းနှင့် ရှေးမင်းအစဉ်အဆက် တည်ထားကိုးကွယ်ခဲ့ပြီး ကျိုးမနိုးဆရာတော် ဦးနန္ဒမာလာက ပြန်လည်ပြုပြင်တည်ထားခဲ့သည့် ရှေးဟောင်းသမိုင်းဝင်စေတီဖြစ်သည်။

ယင်းသမိုင်းဝင် စေတီတော်မြတ်ကြီးအား (၁၃၆၈ခု ကဆုန်လပြည့်) မေ ၅ ရက်တွင် ဆရာတော် ဘဒ္ဒန္တနာယကက ဦးဆောင်လျက် စတုတ္ထအကြိမ် ထီးတော်သစ် တင်လှူပူဇော်မည်ဖြစ်သဖြင့် ဆရာတော် ဘဒ္ဒန္တနာယက ပေါ်တော်မူ ကျောင်းတိုက် မှော်ဘီမြို့ ဖုန်း-၆၂၀၇၉၃ သို့ ရပ်ဝေးရပ်နီးမှအလှူရှင်များဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ သက်တော်(၇၉)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် မြသိန်းတန်စာအောင်သံဃာပူဇော်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)အထွေထွေအတွင်းရေးမှူး ဦးစိန်သန်းက စာအောင်သံဃာတစ်ပါးအား ဂုဏ်ပြုဆုဆက်ကပ်စဉ်။ (၃၅၂)

ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဆေးနှင့်ပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန်ကိစ္စများနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲအပတ်စဉ်(၆)သင်တန်းဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် အမှတ် (၉၁/၉၃) ၄၉ လမ်း၊ မြန်မာနိုင်ငံစာရင်းကိုင်များအသင်းခန်းမတွင် ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လိုက်နာရမည့်အချက်များ

အခမ်းအနားတွင် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြား၍ သင်တန်းမှူးဒေါက်တာမိမိကိုက သင်တန်းတွင် လိုက်နာရမည့်အချက်များကို ဖတ်ကြားတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အခြေခံအဘိဓမ္မာသင်တန်း

ရန်ကုန် မတ် ၂၈

နွေရာသီအခြေခံအဘိဓမ္မာရက်တိုသင်တန်းကိုဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ မတ် ၂၇ရက်မှ မေ ၂၆ ရက်အထိ (စနေ၊တနင်္ဂနွေနေ့များမှအပ) နေ့စဉ် မွန်းလွဲ၁နာရီမှ ညနေ ၃နာရီအထိ ဓမ္မဒါနပို့ချလျက်ရှိရာ စိတ်ပါဝင်စားသူတိုင်း လာရောက်သင်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၄၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လယ်တီဝိပဿနာ တရားစခန်းများ

ရန်ကုန် မတ် ၂၈

လယ်တီဝိပဿနာ ပြန့်ပွားရေးကိုရှေးရှုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လယ်တီဝိပဿနာပြန့်ပွားရေးဗဟို အဖွဲ့ချုပ် ဩဝါဒါစရိယ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူ ကလေးဝ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ကြီးကြပ်မှုဖြင့် သင်္ကြန်တွင်း လယ်တီဝိပဿနာအထူးတရား စခန်းများကို ဧပြီ ၁၂ရက်(တန်ခူးလပြည့်)ညနေ၅နာရီတွင် မရမ်းကုန်းနာဂလိုဏ်ဂူ ပရိယတ္တိစာသင်တိုက် စမ်းချောင်းလယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်း၊ တောင်ဥက္ကလာ မြင်သာ မြို့ဦးကျောင်း၊ မြောက်/ဒဂုံ မင်္ဂလာရာမကျောင်း၊ ဂွတ္တာလစ်လွတ်လပ်ရေးကျောင်း၊ ထန်းတပင်စာသင်တိုက်၊ အင်းစိန်၊ လှည်းကူးရွှေကြာရုံစေတီ၊ တိုက်ကြီး သဒ္ဓမ္မဇောတိကာရုံ၊ တွံတေး ဝိဇ္ဇာညီနောင်စေတီ၊ ဘိုကလေးမြို့ ကျော်ဇံကျောင်းတိုက်၊ မော်လမြိုင်ပညာရာမစာသင်တိုက်၊ ပဲခူးမဟာစေတီ၊ ရွှေဂူလေးစေတီ၊ ရမည်းသင်းရွှေမင်းဝံကျောင်း၊ ပျဉ်းမနားမဟာလယ်တီစံကျောင်း၊ ပျော်ဘွယ်ရှားတောကျောင်း၊ တောင်ကြီးအောင်သပြေစွယ်တော်တိုက်၊ ကယား မိုးဗြဲစည်သာယာ(၂)၊ မုံရွာ သုဓမ္မစာရီ ဗိမာန်၊ ကနီကုန်းသာကျောင်းတို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်ရာ ဆက်သွယ်စာရင်းပေးသွင်းခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်နိုင်ကြောင်းသိရသည်။

သွေးဆေးကန်အရှင်နန္ဒာစရိယ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ပထမအကြိမ် တရားစခန်းပွဲကို ဧပြီ ၂ ရက်မှ ၈ ရက် (တန်ခူးလဆန်း ၆ရက်မှ၁၂ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ရတနာသိဒ္ဓိကျောင်း ဆွမ်းစားဆောင်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် မတ် ၂၈

မန္တလေးမြို့ မဏိရတနာရာမ မြတောင်တိုက်ရတနာသိဒ္ဓိကျောင်း ဆွမ်းစားကျောင်းဆောင် ဆောက်လုပ် ရန်အတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၃ရက် ညနေ ၅နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ရတနာသိဒ္ဓိ ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ကြွရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက် ၄၂လမ်း၊ လမ်း ၈၀ x ၈၁ လမ်းကြား အမှတ် ၈၈ နေ အလှူရှင် ဒေါ်မေသန်းနှင့် သားသမီး မိသားစုတို့က ဖခင်ကြီး(ဦးအောင်ထွန်း)အား ရည်စူး၍ ရတနာသိဒ္ဓိကျောင်း ဆွမ်းစားဆောင်ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

မြောက်ဥက္ကလာပမြို့နယ်၊(ည)ရပ်ကွက်၊ ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌လစဉ် တရားစခန်းဖွင့်လှစ်လျက်ရှိရာ (၁၃၇)ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို ဧပြီ၇ရက်(သောကြာနေ့)မှစ၍ နှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ရက်) တနင်္လာနေ့အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ယင်းတရားစခန်းပွဲကို ပုပ္ပား(၂) ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)ဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ မဟာ ဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည် ဖြစ်၍ တရားစခန်းဝင် ယောဂီများ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉သို့ ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း၊ ဝန်ကြီးဌာန ကရာတေးဒိုသင်တန်းသားများ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တွေ့ဆုံညှိနှိုင်း

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကရာတေးဒိုနည်းစနစ် (Gojuryu)နှင့်ဒိုင်သင်တန်း(WKF) ကို မတ်၁၄ ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒို လေ့ကျင့်ရေး ခန်းမ၌ ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ကရာတေးဒို အားကစားနည်း တိုးတက်ဖွံ့ဖြိုးရေးအတွက်မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်ပြည်နယ်နှင့်တိုင်း၊ ဝန်ကြီးဌာန ကရာတေးဒိုအသင်းများမှ သင်တန်းသားများတွေ့ဆုံညှိနှိုင်းပွဲကို မတ် ၂၀ ရက်တွင် ကရာတေးဒိုလေ့ကျင့် ရေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုး ဝင်းနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်(သီရိသုဓမ္မမဏိဇောတဓရ)**(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ပြည်နယ်နှင့် တိုင်း၊ဝန်ကြီးဌာန ကရာတေးဒိုအသင်းများ၏ အကြံပြုတင်ပြချက်များကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေး၍ မြန်မာ့ ကရာတေးဒို အားကစားနည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ဖွင့်လှစ်ခဲ့သော သင်တန်းသို့ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒိုလေ့ကျင့်ရေးစခန်းမှ ၁၈ဦး၊ သုဝဏ္ဏလေ့ကျင့်ရေးစခန်းမှ ၁၁ဦး၊ တောင်ဥက္ကလာပ ပဒေသာအားကစားရုံ လေ့ကျင့်ရေးစခန်းနှင့် ဝိုင်အမ်စီအေတို့မှ ငါးဦးစီ၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့နှင့် လယ်ယာ/ဆည်မြောင်းတို့မှ လေးဦးစီ၊ မန္တလေးတိုင်းမှ ခြောက်ဦး၊ မွန်ပြည်နယ်နှင့် သစ်တော ရေးရာတို့မှ သုံးဦးစီ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ကျားမာန်အသင်းတို့မှ နှစ်ဦးစီ၊ ပြည်ထဲရေး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် သူရိရအသင်းတို့မှ တစ်ဦးစီ စုစုပေါင်းသင်တန်းသား ၇၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာ People မဂ္ဂဇင်းက ကြီးမှူး၍ ပထမအကြိမ် People Style Competition 2006ပြိုင်ပွဲကို မတ် ၁၈ ရက် ညနေ ၃ နာရီက ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အသက် ၁၅ နှစ်မှ ၂၅ နှစ်အတွင်းရှိ ပြိုင်ပွဲဝင်အမျိုးသမီး ၃၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် Miss ˚Styleဆုကို အေးမြတ်သူ (ဖက်ရှင်ဒီဇိုင်းပညာရှင် သွင်သုအေး)၊ Miss Peopleဆုကို ˚Mခါးရာ (ဖက်ရှင်ဒီဇိုင်းပညာရှင် Nဘန်နန်)၊ Miss Charming ဆုကို ဇင်စန္ဒာထွန်း၊ Best Stylistဆုကို စုစုအောင်တို့က ရရှိကြရာ ဆုများကို ဒါရိုက်တာ အောင်ကိုလတ်၊ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် ရာဇာနေဝင်းတို့က ပေးအပ်ချီးမြှင့်ကြသည်။ **(က-ပ)**

29-3 (17).p65 1 1/2/32, 1:49 PM

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၈

၂၀၀၆ခုနှစ်(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ရှိ နယ်မြေခံတပ်၏ အဆောင်(၁၃)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊

စာမျက်နှာ ၉ ကော်လံ ၄ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် မြို့တော်သာယာ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

(၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟိုအဆင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၈

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟိုအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုငွေပေးအပ်ချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးအောင်မျိုးထက်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးနှင့် ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး၊ အရန်စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

29-3 (20).p65 1 1/2/32, 1:50 PM